


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# တရားကျင့်နေတာသည် ဘုရားအကြိုက်ဆုံး

၁၂၂

ဟောကြားသည့်နေ့
(၁၃-၆-၆၁)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# တရားကျင့်နေတာသည်
# ဘုရားအကြိုက်ဆုံး

ဟောကြားသည့်နေ့

(၁၃-၆-၆၁)

သွားကြစို့ကွာ . . . မလ္လာမင်းတို့ တိုင်းနိုင်ငံမှာ သူပရိနိဗ္ဗာန်စံမယ်ဆိုတာ ကိုစံလှ မှတ်ထားရမယ် (မှန်ပါဘုရား)။

အဲဒီ မလ္လာ မင်းတို့၏ တိုင်းနိုင်ငံ ပရိနိဗ္ဗာန်အစံ သွားကြစို့ဆိုပြီးသကာလ သွားရှာတယ်. . . ။

အင်ကြင်းပင်နှစ်ပင်အောက်မှာ ကဲကွာ ပရိနိဗ္ဗာန်စံစရာ ကွပ်ပျစ်ခုတင် လေးခင်းကွာ . . . ဆိုပြီးသကာလ ညီတော် အာနန္ဒာခင်းခိုင်းတော့ ညီတော်အာနန္ဒာက ခင်းတယ်။

မြောက်ဘက်လှည့်ခင်းဟေ့ . . . မြောက်ဘက်လှည့်ခင်း မြောက်သို့ ခေါင်းပြုမယ် ဆိုပြီးသကာလ ခြေဒထောက်တစ်ချောင်းက ခြေထောက်တစ်ချောင်းကို ထ,မွဲ့ပုံသဏ္ဍာန်ဟန်ပန်နဲ့ ပြင်ပြီးသကာလ ထိုင်ပါတယ်။

အင်ကြင်းပင်တွေက ခေါင်းကလည်းတစ်ပင် ခြေရင်းကလည်းတစ်ပင်ဆိုတော့ နှစ်ပင်ရှိတယ်နော် (မှန်ပါ့ဘုရား)။

အဲဒီနှစ်ပင်ကတော့ မောင်နိုင် အခါကာလလည်း မဟုတ်ပဲနဲ့ အပွင့်တွေ ပွင့်ပြီးသကာလ လာတယ် . . . ပွင့်လာရုံတင်မကသေးဘူး ဒီဘုရားအပေါ်မှာ တစ်ခါတည်း ကိုင်းညွတ်ပြီးသကာလ အပွင့်တွေ လေလည်းမလှုပ်ပဲနဲ့ ဘာမှလည်း လေပြေလေညှင်းလည်း မတိုက်ပဲနဲ့ ပန်းပွင့်

တွေက ဘုရားကိုယ်တော်ပေါ် ကျကြတယ်. . . ပွင့်တာလည်း အခါကာလ မဟုတ်ဘူးလို့ ကိုစံလှ မှတ်ထားပါ (မှန်ပါ)။

ပွင့်တာလည်း အခါကာလမဟုတ်ဘူး ကြွေကျတာလည်း သူ့ဟာသူ လေတွေ ဘာတွေတိုက်လို့ ကြွေရခြင်း မဟုတ်ပဲနဲ့ မောင်နိုင် ပူဇော်တဲ့သဘောပေ့။ (မှနပ ဘုရား) ပူဇော်တဲ့သဘောဆိုတာ သဘောကျကြပလား (ကျပါပြီ ဘုရား)။

ညီတော် အာနန္ဒာက ကြည့်နေတယ် တယ်လည်း ပူဇော်ပါလား . . . အသက်မရှိတဲ့ သစ်ပင်တောင်မှ အခါ မဟုတ်ဘဲနဲ့ ပွင့်ပြီးသကာလ ပန်းပွင့်တွေ ဘုရားအပေါ်မှာ တစ်ခါတည်း ပန်းမွှေ့ယာ ကြဲသလို ကြဲကြတယ် . . . တယ် . . . ကြည်ညိုဖွယ်ကောင်းပါလား . . . ပရိနိဗ္ဗာန် စံမဲ့နေရာလည်း ရောက်နေပြီနော် (မှန်ပါဘုရား)။

ကောင်းကင်က စတုမဟာရာဇ်တာဝတိံသာ ရာမာ ဗြဟ္မာတွေကလည်း မာန္ဒာရဝ နတ်ပန်းတွေကို တစ်ခါတည်း ကြဲချကြတယ်၊ နတ်တွေတော့ မမြင်ရဘူး ပန်းတွေကတော့ အောက်မှာ ဖွေးနေအောင် ကြဲချကြတယ် ပူဇော်ကြတာ ပေ့ါလေ နော် (မှန်ပ့ါ)။

နောက်ဆုံးပိတ် ပူဇော်ခြင်း ပူဇော်ကြတာဆိုတော့

အတီးအမှုတ်တွေနဲ့ ပူဇော်ပသတာတွေလည်း မင်းကြားတဲ့အတိုင်း ဒါတွေလည်း ပူဇော်ပသတာတွေလည်း ပူဇော်ပသတယ်လို့တော့ မှတ်တာပေါ့ကွာတဲ့၊ သို့သော် အမြတ်ဆုံးပူဇော်ခြင်းတော့ဖြင့် ဒါမဟုတ်သေးဘူး (မှန်ပါ့)။

မောင်နိုင် ဘာတဲ့တုံး (အမြတ်ဆုံးပူဇော်ခြင်းတော့ မဟုတ်သေးပါဘူးဘုရား) အမြတ်ဆုံးပူဇော်ခြင်းတော့ ဒါ မဟုတ်သေးဘူးတဲ့၊ ဒကာဒကာမတွေ သေချာမှတ်ပါနော် (မှန်ပါဘုရား)။

## တရားကျင့်နေတာမှ ပူဇော်တယ်မည်တယ်

အခုပူဇော်တာဖြင့် တန်းကုန်ပြီဆိုကြပါစို့ (မှန်ပါ) ဒါအမြတ်ဆုံးပူဇော်ခြင်း မဟုတ်သေးဘူး၊ ဘာတုံးလို့မေးတော့မှ ယောခေါ အာနန္ဒ၊ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ၊ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ။

ဆိုတော့ ဒကာဒကာမတွေ မှတ်စရာက တရား ကျင့်နေတာမှ ပူဇော်တယ် မည်တယ်ကွ (မှန်ပါဘုရား) မောင်နိုင် ဘာတဲ့တုံး (တရားကျင့်နေတာမှ ပူဇော်တယ် မည်ပါတယ်ဘုရား)။

တရားကျင့်နေတာသည် ဒကာဒကာမတို့ ပူဇော် သည် မည်ပါတယ်တဲ့ တရားအရှိအသေပြုနေတာ၊ တရား

ကျင့်ပြီးသကာလ နေတာ၊ တရားတိုင်းနှလုံးသွင်းနေတာ အဲဒါ လွန်ကဲသော ပူဇော်ခြင်းဆိုတာ ဒါကွ ညီတော်အာနန္ဒာ ရ သေသေချာချာမှတ်ထား (မှန်ပါဘုရား)။

ကိုစံလှရေ ပရိနိဗ္ဗာန်စံခါနီးမှနော် . . . (မှန်ပါ) အိပ်ရာညောင်စောင်းပေါ် မြောက်ကိုခေါင်းပြုပြီးသကာလ ခြေတစ်ဖက်နဲ့ ခြေတစ်ဖက်ပေါ် တင်ပြီးသကာလ မကြာခင် ပရိနိဗ္ဗာန်စံတော့မယ့်အချိန်မှာ ပူဇော်ခြင်း ပူဇော်တကာ့ ပူဇော်ထဲမှာဖြင့် ဒီပူဇော်တရားကျင့်ပြီးသကာလ ဓမ္မာနုဓမ္မပဋိပန္န၊ သာမိစိပဋိပန္န၊ အနုဓမ္မစာရီဆိုတဲ့ ကျင့်ကြံကြိုးကုတ်အားထုတ်နေတာသည် ဒကာဒကာမတို့ ဘုရားရှိခိုးနေတာထက် သာတယ်။

သီလ ဆောက်တည်နေတာထက် (သာပါတယ်ဘုရား) သာတယ်ဆိုတော့ ပူဇော်တကာ့ ပူဇော်ထဲမှာ မောင်နိုင် ဘယ်လိုမှတ်ပါ့မတုံး (တရားကျင့်ပြီး ပူဇော်တာ အမြတ်ဆုံးပါဘုရား) အမြတ်ဆုံးပူဇော်တာ ဒါပဲလို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ (မှန်ပါ)။

အမြတ်ဆုံး ပူဇော်တာ (တရားကျင့်ပြီး ပူဇော်တာပါဘုရား) တရားကျင့်ပြီးသကာလနေတာ အမြတ်ဆုံးပူဇော်တာပဲဆိုတာ မောင်နိုင် မှတ်ရမယ် (မှန်ပါ)။

ဒါဖြင့် ပူဇော်တတ်ကြပလား (ပူဇော်တတ်ပါပြီ

[illegible]

[illegible]

**[illegible]**

[illegible]

ကိုလေးသာဝင် [illegible]

[illegible]

[illegible]

[illegible]

(မှန်ပါ) သဘောပါကြပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဒို့မှာ ဒကာ ဒကာမတွေက တရားပဲကြိုးစားနေရတာပဲ ဒီပြင်ဟာတွေက လစ်ဟင်းနေတယ်လို့ မောင်နိုင်တို့ ကိုစံလှက အောက်မေ့မနေပါနဲ့ (မှန်ပါ)။

အကြီးဆုံး ပူဇော်တဲ့အထဲမှာ အကြီးဆုံးကို ရထားလို့ ရှိရင်ဖြင့် အငယ်တွေဟာ အတွင်းဝင်သွားတယ်ဆိုတာလည်း မလွဲပါဘူး ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါမှ မလုပ်သေးလို့ရှိရင်ဖြင့် အကြီးဆုံး ပူဇော်တဲ့ပွဲကို မနွှဲရသေးဘူးလို့ မောင်နိုင် ဆိုထိုက်မဆိုထိုက်၊ (ဆိုထိုက်ပါတယ်ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ ဓမ္မာနု ဓမ္မပ္ပဋိပန္နော၊ သာမီစိပ္ပဋိပန္နော၊ အနုဓမ္မစာရီဆိုတဲ့ဉစ္စာ အကြီးဆုံး ပူဇော်တဲ့နည်းဟာဖြင့် ဒကာ ဒကာမတို့သိတဲ့အတိုင်းတဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အနီးဆုံးအကြောင်းဖြစ်တဲ့ ဝိပဿနာအလုပ်လုပ်နေတာဟာ အကြီးဆုံး ပူဇော်နေတာပဲလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အကြီးဆုံးပူဇော်ပွဲ ဘယ်ပွဲပါလိမ့် (ဝိပဿနာ လုပ်နေတဲ့ ပွဲပါဘုရား) တရားကျင့်နေတဲ့ အလုပ်သည် အကြီးဆုံး ပူဇော်ပွဲ အလုပ်ပါပဲဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ)။

## တရားကျင့်နေတဲ့အလုပ်သည်အကြီးဆုံးပူဇော်တဲ့ပွဲ

တရားကျင့်နေတဲ့ အလုပ်သည် (အကြီးဆုံးပူဇော်ပွဲပါဘုရား) ဘယ်အချိန်ပေါ့တယ်ဆိုတာလည်း မောင်နိုင်အခု အကိုးအကား မလုံလောက်သေးဘူးလား (လုံလောက်ပါတယ်ဘုရား)။

ပရိနိဗ္ဗာန်စံမယ်လို့ မြောက်သို့ ခေါင်းပြုပြီး ခြေတစ်ဖက် က အင်း . . . အောက်ခြေတစ်ဖက်၊က ဆင်း၊ အပေါ်ခြေတစ်ဖက်၊က ခတ်ကွေးကွေးလေး ထ,မယ့်ပုံသဏ္ဍာန်နဲ့နေတဲ့အချိန်မှာပဲ၊ အင်ကြင်းပင်ပျို နှစ်ခုကလည်း အခါမဟုတ်ပဲနဲ့ ပွင့်ပြီး အပွင့်တွေ ကြွေကျပြီး ပူဇော်ကြတယ်နော် (မှန်ပါ့)။

မန္ဒာရဝ နတ်ပန်းတွေကလည်း ပူဇော်ကြဘူးလား (ပူဇော်ပါတယ်ဘုရား) ဘုရားပေါ် ပန်းမွှေ့ယာ ကြဲကြတယ်နော် (မှန်ပါ့)။

အင်း . . . ဗြဟ္မာတွေကလည်း မွှေးကြိုင်တဲ့ အမှုန့်တွေ မဖြူးကြဘူးလား (ဖြူးပါတယ်ဘုရား) အဲဒါတွေ ကြည့်ပြီးသူပေါ့တာ (မှန်ပါ)။

ဒါတွေဟာ ပူဇော်တော့ ပူဇော်တာပဲကွာတဲ့ ခုနက တရားကျင့်ပြီး ပူဇော်တာနဲ့စာရင် ဒီဥစ္စာ မမြတ်သေးဘူး (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] (ရှင်းပါပြီဘုရား)။

**[illegible]**

[illegible] (ရှိပါတယ်ဘုရား)။

[illegible]

သောက်ချင်တယ်ဆိုလို့ရှိရင်ဖြင့် ထမင်းပေးတာနဲ့ ရေပေး တာနဲ့ မောင်နိုင် သူဘယ်သူ့ကို ပိုမိုနှစ်သက်မယ်ဆိုတာ ဒကာဒကာမတွေ တွေးကြည့်ပါ (ရေကို ပိုမိုနှစ်သက်ပါတယ် ဘုရား)။

ဘာကြောင့်တုံးဆိုတော့ ရေဆာလောင်နေတဲ့အခါ ရေအရေးကြီးတယ် (မှန်ပါ့ဘုရား) ရေဆာလောင်နေရင် (ရေအကြီးပါတယ်ဘုရား)။

## ဘုရားက မဂ်တရားရဖို့ကိုသာ အဓိကထားတယ်

ဒီမှာလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်တည်းဟူသော တရားကိုသာ ရစေချင်တဲ့သဘောကို သူအဓိကထားတယ် (မှန်ပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

အဲတော့ နိဗ္ဗာန်ရတဲ့ အလုပ်လုပ်နေတာဟာ သူ့ ပူဇော်တာပဲ (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား) နိဗ္ဗာန် ရတဲ့အလုပ် လုပ်နေတာ (ဘုရားပူဇော်နေတာပါ ဘုရား)။

အဲ ဘုရား ပူဇော်နေတာဖြစ်သောကြောင့် ငါက ရေတောင်းတဲ့ဉစ္စာ သူတို့က ရေမပေးပဲနဲ့ ဆေးလိပ်ပေးလို ပေး အဲ ထမင်းပေးလိုပေး အင်း မုန့်ပဲသရေစာပေးလိုပေး

ဆိုလို့ရှိရင်ဖြင့် ပေးလို့သာ ယူလိုက်ရတယ် အကြိုက်ကြီးတော့ မကျသေးဘူး (မှန်ပါ့)။

ပေးလို့သာ ယူလိုက်ရတယ် (အကြိုက်ကြီးတော့ မကျသေးပါဘူးဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ ဘုရားအကြိုက်ကြီး ကြိုက်တာဖြင့် ယနေ့ည တရား စစ,ချင်းပဲ ရှင်းလင်းပြောပါတယ် (မှန်ပါ့)။

## ဘုရားအကြိုက်ဆုံး ဘယ်ဟာပါလိမ့်

ဘုရားအကြိုက်ဆုံး ဘယ်ဟာပါလိမ့် (တရားကျင့်တာပါဘုရား) တရားကျင့်နေတာဟာ မောင်နိုင် ဘယ်နှယ့်တုံး (အကြိုက်ဆုံးပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဒီဥစ္စာကို အင်ကြင်း ပင်နှစ်ပင်ကြားမှာ မြောက်သို့ ခေါင်းပြုပြီးသကာလ၊ ခြေတစ်ဖက် ဆင်းပြီး ခြေတစ်ဖက် အပေါ်ကနေပြီး ခပ်ကွေးကွေးလေးတင် ထ,မယ့်ပုံသဏ္ဍာန်နဲ့ နေတုံးမှာ ပူဇော်ပွဲမှာ နတ်တွေ၊ ဗြဟ္မာတွေ၊ ပူဇော်ကြတာကို မြင်တာနဲ့ ညီတော် အာနန္ဒာ မင်းမြင်ပလား ဒီပူဇော်ပွဲတွေဟာ အမြတ်ဆုံး ပူဇော်ပွဲလို့ မယူနဲ့ဦးကွ ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ အမြတ်ဆုံးပူဇော်တာပဲကွဆိုတာ ဒီနေရာမှာကို ရှင်းပြတယ် (မှန်ပါ့)။

ကိုစံလှ သဘောပါပလား (ပါပါပြီဘုရား) ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သြော်. .ဘုရားကို အမြတ်ဆုံးဘာနဲ့ ပူဇော်ရပါ့မလဲလို့ ကိုယ့်ဟာကို မေးရင်ကော ဖြေတတ်ကြပလား (ဖြေတတ်ပါပြီဘုရား)။

ဘာလုပ်ကြမတုံး (တရားကျင့် နေရမှာပါဘုရား) တရားကျင့်နေပါတဲ့၊ တရားကြိုးစားနေကြပါဆိုတဲ့ ဥစ္စာကိုဖြင့် ဘုရားဟာ အင်မတန်မှ ကြိုက်တော်မူတယ်ဆိုတာဖြင့် ငြင်းနေဖို့ လိုသေးလား (မလိုပါဘူးဘုရား) ရှင်းပြီနော် (ရှင်းပါပြီ)။

အဲတော့ကိုတဲ့ တစ်ခါ ဒီပရိနိဗ္ဗာန်စံခါနီးမှာ ညီတော်အာနန္ဒာက "အရှင်ဘုရား အရှင်ဘုရားမရှိလို့ရှိရင်ဖြင့် ဆရာသမားတွေ ကွယ်တဲ့အတွက် တပည့်တွေ ဟိုရမ်း ဒီရမ်း ပြီးသကာလ သွားများကုန်ကြတော့မှာလား" ဆိုပြီး ညီတော်အာနန္ဒာက ပရိနိဗ္ဗာန်စံခါနီးမှာ မေးရှာသေးတယ်နော် (မှန်ပါ)။

အရှင်ဘုရား မရှိလို့ရှိရင်ဖြင့် ဝါးစည်းဖြေလိုက်သလို တောင်လေလာ မြောက်၊ မြောက်လေလာ တောင် ဆိုသလိုပဲ အကုန်လွင့်ပြီးသကာလ ဆုံးမသြဝါဒကင်းတော့မှာလား ဘုရားလို့ မေးတဲ့အခါကျတော့ ချက်ကောင်းလေးတွေ မောင်နိုင် ခုပြောတာတွေ (မှန်ပါ့)။

## ဉာဏ်ပရိနိဗ္ဗာန်မစံသေးဘူး

ယောဝေါ အာနန္ဒ၊ မယာဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တောသောဝေါ မမစ္စယေန သတ္ထာ တဲ့ ညီတော် အာနန္ဒာတဲ့ ငါဘုရားမရှိပေမဲ့ မင်းဘာ ပူစရာရှိသလဲ ငါဟောထားတဲ့ တရားတွေ မင်းတို့ ဘုတ်၊ အဘိဓမ္မာ၊ ဝိနည်းတွေ ရှိနေသည် အဲဒီဆရာတွေပြောတာ နားထောင်နေလို့ရှိရင် ဘုရားပရိနိဗ္ဗာန် အထည်သာ ပရိနိဗ္ဗာန်စံသွားတယ်၊ ဉာဏ်ပရိနိဗ္ဗာန်မစံသေးဘူးဆိုတာ မင်းသိလောက်ပါပြီ (မှန်ပါဘုရား)။

ခန္ဓာကြီးသာ ပရိနိဗ္ဗာန်စံသွားတယ် (မှန်ပါ) အဆုံးအမတွေ ပရိနိဗ္ဗာန်စံပါရဲ့လား (မစံပါဘူးဘုရား)။

အဲဒါတွေ ကျင့်ပြီးသကာလ မင်းတို့နေလိုက်ကြမယ်ဆိုလို့ရှိရင်လည်း ဘုရားတွေ အများကြီး ကျန်ရစ်တယ်ကွာ . . . ဆိုတာကိုလည်း ဒီပရိနိဗ္ဗာန်စံခါနီးပဲ ပြောရှာတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အထည်သာ ပရိနိဗ္ဗာန် စံသွားတယ် ဟောပြောတဲ့တရားတွေ ပရိနိဗ္ဗာန်စံပါရဲ့လား (မစံပါဘူးဘုရား)။

အဲဒါတွေဟာ မင်းတို့ ဆရာတွေဖြစ်ပြီကွာတဲ့ သူတို့က ဆုံးမတာ၊ သူတို့က သွန်သင်တာ၊ သူတို့က

တားမြစ်တာတွေကို မင်းတို့က လိုက်ပြီးသကာလ ကြိုးစား ပြီးသကာလ နေကြမယ်ဆို အို ဘုရားပေါင်း ရှစ်သောင်း လေးထောင်ထားခဲ့တယ်လို့ မင်းမှတ်လိုက်စမ်းပါ (မှန်ပါ့)။

ဆိုတော့ ကိုစံလှတို့ အားငယ်စရာ ရှိသေးလား (မရှိပါဘူးဘုရား) မလိုက်နာတဲ့ ပုဂ္ဂိုလ်မှာဖြင့် ကိုယ်ကျိုးနည်း ပေါ့ (မှန်ပါ့)။

မလိုက်နာတဲ့ ပုဂ္ဂိုလ် ဘယ်နှယ့်ကြောင့် ကိုယ်ကျိုး နည်းပေါ့လို့ ဆရာဘုန်းကြီးက ဆိုရပါလိမ့်မတုံးဆိုလို့ရှိရင် ကိုယ်က ဒုက္ခတွေတည်းဟူသော အိုဘေး၊ နာဘေး၊ သေဘေး ဒုက္ခ၊ သောကပရိဒေဝဒုက္ခတွေကလည်းအများကြီး တစ်ပုံကြီးရှိပါရဲ့သားနဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဘုရား တွေ ပြောတာကို ဒီလိုကျင့် ဒီလိုကြံဆိုပြီး ပြောတာကို မလိုက်နာလို့ရှိရင်ဖြင့် ဒုက္ခရှိလျက်နဲ့ဖြင့် ဒုက္ခမသိမ်းတဲ့ ပုဂ္ဂိုလ်ထဲမှာ ကိုယ်အပါအဝင် ဖြစ်ပါတယ် (မှန်ပါ့)။

မလိုက်နာရင် မလိုက်နာရင်နော် (မှန်ပါ) ဒုက္ခရှိ လျက်နဲ့ (ဒုက္ခမသိမ်းတဲ့ပုဂ္ဂိုလ်ထဲမှာ အပါအဝင်ပါဘုရား) ဒုက္ခမသိမ်းတဲ့အထဲ ကိုယ်အပါအဝင် မကျဘူးလား (ကျပါ တယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီခန္ဓာ

ကြီးကို ဘယ်လိုခန္ဓာပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိရင်ဖြင့် အိုဘေးရှိတဲ့ ခန္ဓာကြီး၊ နာဘေးရှိတဲ့ ခန္ဓာကြီး၊ သေဘေးရှိတဲ့ ခန္ဓာကြီး၊ သဘောကျပလား (ကျပါပြီဘုရား)။

သောကပရိဒေဝ၊ သောကဆိုတဲ့ စိုးရိမ်မှုရှိတဲ့ ခန္ဓာကြီး၊ ပရိဒေဝဆိုတဲ့ ငိုကြွေးမှုရှိတဲ့ ခန္ဓာကြီး၊ ငိုကြွေးမှုရှိတော့ သူက မျက်ရည်ထွက်လာတာပဲ . . . (မှန်ပါ့)။

သူကလည်း နာတယ် ကျင်တယ် ဒုက္ခကော မရှိဘူးလား (ရှိပါတယ်ဘုရား) အင်း သူ့ကြောင့်ပဲ စိတ်မချမ်းသာရတဲ့ဒုက္ခ၊ ဒေါမနဿကော မရှိကြဘူးလား (ရှိပါတယ်ဘုရား)။

သူ့ကြောင့်လည်း ပြင်းစွာပူပန်တဲ့ ဥပါယာသဆိုတဲ့ တရားတွေကော အင်းဒါတွေရှိတဲ့ ခန္ဓာကိုယ်ကြီး ဒါတွေ အပြည့်အစုံခန္ဓာကြီးကို ဒကာဒကာမတွေက မသိမ်းချင်ဘူး မဆည်းချင်ဘူးဆိုရင်ဖြင့် ဒုက္ခကြီး ပွေ့ပိုက်နေရတာကို ပင်လျှင် လူမိုက်မို့ ကျေနပ်တဲ့ အဓိပ္ပာယ် ရောက်ပါတယ် (မှန်ပါ့)။

ဒုက္ခပွေ့ပိုက်နေရတာကို (လူမိုက်မို့ ကျေနပ်နေတာပါဘုရား) ကျေနပ်ကောင်းပမလား (မကျေနပ်ကောင်းပါဘူးဘုရား) မကျေနပ်ကောင်းပါဘူးဆိုတဲ့ဥစ္စာ သဘောကျပလား (ကျပါပြီဘုရား) အင်မတန် မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ဒီကလည်းဆုံးမ ညီတော် အာနန္ဒာ ဘာမှ မပူနဲ့နော် ဘုရား ပေါင်း ရှစ်သောင်းလေးထောင် ငါ (၄၅) ဝါပတ်လုံး ဘုရား တွေ ဒီဘုရားက ဒါဟော၊ သီလတွေ ဝံဟောထားလို့ရှိရင်ဖြင့် သီလကို ဟောတတ်တဲ့ သီလတရားတည်းဟူသော ဘုရားက ဒကာဒကာမတွေ ဆုံးမ။

ဝိပဿနာရှုနည်းကို ဟောတဲ့တရားက ဒကာဒကာမ တွေ သန္တာန်ရှိတဲ့ အိုဘေး နာဘေး သေဘေး သိသွားတော့ ပဋိစ္စသမုပ္ပါဒ်ကြီးဖြတ် ဒီလို မနေဘူးလား (နေပါတယ် ဘုရား)။

မဂ်ဉာဏ်တရား ဖိုလ်ဉာဏ်တွေကျတော့လည်း ဒကာဒကာမတွေ ပဋိစ္စသမုပ္ပါဒ် အမျှင်တွေကို ဖြတ်ပြီး သကာလ ဖိုလ်ဉာဏ်တရားဆိုလို့ရှိရင်ဖြင့် ချမ်းသာတဲ့ဥစ္စာ ရပြီလို့ မဆိုထိုက်ကြဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါတွေ ရပြီးသကာလနေလို့ရှိရင်ဖြင့် ဒါ သူ့ဆရာ သူ့ဆရာစကား နားထောင်လိုက်တဲ့အတွက် သူ့အကျိုး ကိုယ့်အကျိုးပေး ကိုယ်စီကိုယ်ငှ ခံစားကြရတယ် ဆိုတာ လည်း ငြင်းနေဖို့ မလိုပါဘူး (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် အားလည်းငယ်စရာ မရှိပါဘူးဆိုတဲ့ အဓိပ္ပာယ် ယနေ့ ရှင်းပြတယ်နော် (မှန်ပါ့)။

## ဝိညာဉ်ချုပ်ဖို့က အရဏ်တက်ရုံပဲကျန်တော့တယ်

ကဲကွာတဲ့ ငါဘုရားကလည်း အခု အရဏ်တက်ရုံ ပဲ ကျန်တော့တယ် ရှေ့လည်း သိပ်ပြီးသကာလ မပြောနိုင် တော့ဘူး သူ့ ဝိညာဉ်ချုပ်ဖို့က မောင်နိုင် အရဏ်တက်ရုံပဲ ကျန်တော့တယ် (မှန်ပါ)။

အခုပြောနေတာက သန်းခေါင်ကျော်သွားပြီ (မှန်ပါ ဘုရား) အဲတော့ကွာတဲ့ ငါ (၄၅) ဝါအတွင်းမှာ ဟောခဲ့ ပြောခဲ့တဲ့ အဆုံးအမတွေဟာ သေသေချာချာ မင်း နောက် ဆုံးပိတ် ဆုံးမတဲ့ စကားလို့ဆိုပြီး ညီတော် အာနန္ဒာ မင်း မမေ့နဲ့ (မှန်ပါ)။

ဘာဟောခဲ့ပါသတုံးဆိုတော့ သတိပဋ္ဌာန် မမေ့နဲ့၊ မောင်နိုင် ဘာဟောတုံး (သတိပဋ္ဌာန်မမေ့ပါနဲ့) ရှင်းပလား (ရှင်းပါပြီဘုရား) သတိပဋ္ဌာန်ကိုတော့ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် ဝေဒနာရှုနေ၊ စိတ်ရှုတဲ့ပုဂ္ဂိုလ် (စိတ်ရှုပါဘုရား) စိတ်ရှု။

## သတိပဋ္ဌာန်မမေ့နဲ့

ရုပ်ရှုတဲ့ပုဂ္ဂိုလ် (ရုပ်ရှုပါဘုရား) သစ္စာရှုတဲ့ ပုဂ္ဂိုလ်

(သစ္စာရှုပါဘုရား) အဲဒီလို သတိပဋ္ဌာန်မမေ့နဲ့ကွ အဲဒီ သတိပဋ္ဌာန် မမေ့လို့ရှိရင်ဖြင့် တဲ့ မင်းတို့သည်ကား ဆိုရင် ဒုက္ခအဆုံး ရောက်ပါလိမ့်မယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

သတိပဋ္ဌာန်မမေ့ရင်ဖြင့် (ဒုက္ခအဆုံး ရောက်မှာပါ ဘုရား) အခုခန္ဓာကြီးက ဒုက္ခသစ္စာကြီး အဲဒီဒုက္ခသစ္စာကြီး ဆုံးပါလိမ့်မယ်ကွာ (မှန်ပါ့)။

ဒီဒုက္ခသစ္စာကြီး ဘာတဲ့တုံး (ဆုံးပါလိမ့်မယ်ဘုရား) ဆုံးပါလိမ့်မယ်တဲ့ သတိပဋ္ဌာန်သာ မမေ့ကြနဲ့လို့ သတိပဋ္ဌာန် ဆိုတာလည်း **သမုဒယဓမ္မာ နုပဿီ ဝါ၊ ဝယဓမ္မာနုပဿီဝါ** ဆိုတဲ့ ဖြစ်မှု ပျက်မှုကို မမေ့ကြလို့ရှိရင်ဖြင့် "သင်္ခါရတရား ပျက်တတ်တယ်" ကွာ (မှန်ပါ) သဘောကျပလား (ကျပါပြီ ဘုရား)။

## သင်္ခါရတရား ပျက်တတ်တယ်

သင်္ခါရ တရားပျက်တတ်တယ်ကွဆိုတော့ ဖဿပစ္စယာဆိုတော့ ပစ္စယာဆိုတာ သင်္ခါရ မှတ်လိုက်ပါ (မှန်ပါ) ဖဿပစ္စယာ (ဝေဒနာပါဘုရား) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ဖဿပစ္စယာလို့ဆိုတော့ ဒီက ဝေဒနာ မပေါ်ခင်

လေးမှာ မောင်နိုင်က ပြော်သူက ပြုပြင်တဲ့ တရားပါလား မှတ်လိုက်စမ်းပါ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အင်း . . . ပြုပြင်လိုက်ခြင်းကြောင့် ဖဿပစ္စယာ ဆိုတော့ ဖဿပစ္စယာ ဖဿတည်းဟူသော ပြုပြင်မှုကြောင့် ဟုတ်လား ဝေဒနာ = ဝေဒနာသည် ဥပ္ပဇ္ဇတိ - ဖြစ်ပေါ်လာ၏။ ဒီလိုမနေဘူးလား (နေပါတယ်ဘုရား)။

ဖဿပစ္စယာက ပြုပြင်တဲ့ တရား၊ ဝေဒနာက ပြုပြင်လို့ ပေါ်တဲ့တရား (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) ဖဿပစ္စယာက (ပြုပြင်တဲ့တရားပါဘုရား) ဝေဒနာက (ပြုပြင်လို့ပေါ်လာတဲ့တရားပါဘုရား)။

အဲ ပြုပြင်လို့ ပေါ်လာတဲ့ တရား။ ခန္ဓာတစ်ကိုယ်လုံး ချုံးပြလိုက်ပါတယ်တဲ့ ဒကာ ဒကာမတို့ သန္တာန်မှာ ခန္ဓာငါးပါး ရှိတယ်နော် (မှန်ပါ) တစ်ပါးမှ မပြုပြင်ဘဲနဲ့ ပေါ်တာတစ်ခုမှ မရှိဘူးလို့ မောင်နိုင်တို့ ကိုစံလှတို့က ဆုံးဖြတ်ချက်ချ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ခန္ဓာငါးပါးရှိတယ် တစ်ပါးမှ မပြုပြင်ပဲနဲ့ ပေါ်လာတာဖြင့် (မရှိပါဘူးဘုရား) ဒါဖြင့် ရုပ်ကျတော့လည်း ကံက ပြုပြင်လို့ ပေါ်လာတာ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အင်း . . . ဝေဒနာကျတော့ ဖဿက ပြုပြင်လို့

(ပေါ်လာတာပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

စိတ်ကျတော့ အခါကြလို့ရှိရင်ဖြင့် နာမ်ရုပ်က ပြုပြင်လို့၊ အင်း . . . ဒကာဒကာမတွေ သိတဲ့အတိုင်း နာမရူပပစ္စယာ ဝိညာဏ်ဆိုတဲ့အတိုင်း စိတ်ကျတော့ နာမ်ရုပ်နှစ်ခု ပြုပြင်လိုက်လို့ စိတ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

## ပြုပြင်လို့ပေါ်လာတဲ့ ခန္ဓာငါးပါး

အင်း . . . ပြုပြင်လို့ ပေါ်လာကြတဲ့ ခန္ဓာငါးပါးလို့ ရှေ့ပိုင်းက မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပြုပြင်လို့ ပေါ်လာတဲ့တရား ဘယ်နှစ်ပါးရှိပါလိမ့် (ငါးပါးပါဘုရား) ဒါဖြင့် အားလုံးတရားနာကြတဲ့ ဒကာဒကာမတွေ သေသေချာချာ ပြောနေပါတယ်၊ သေသေချာချာ ဟောနေတယ် အထူးဂရုစိုက်ပြီး နားထောင်ပါဆိုတော့ ခန္ဓာငါးပါးဟာ ပြုပြင်လို့ ပေါ်လာတဲ့တရား (မှန်ပါ့)။

ဘယ်လိုမှတ်ကြမတုံး (ခန္ဓာငါးပါးဟာ ပြုပြင်လို့ ပေါ်လာတဲ့တရား) အဲ ပြုပြင်လို့ ပေါ်လာတဲ့တရားဆိုတော့ ဒီက သူ့ဆိုင်ရာ ဆိုင်ရာက ဖဿကပြုပြင် ဝေဒနာပေါ်မှာပဲ ဟုတ်လား (မှန်ပါ) ကံက ပြုပြင် ရုပ်ပေါ်မှာပဲ မောင်နိုင်

ဒီအတိုင်း မနေဘူးလား (နေပါတယ်ဘုရား)။

ပြုပြင်ခြင်းကင်းလို့ ပေါ်လာတဲ့ ခန္ဓာငါးပါးရှိပါရဲ့လား (မရှိပါဘူးဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား) ခန္ဓာငါးပါးဟာ အလိုလိုပေါ်တာလား ဒကာဒကာမတို့ (ပြုပြင်လို့ပေါ်လာတာပါဘုရား)။

## ခန္ဓာကိုယ်မှာ အကြောင်းနဲ့အကျိုးသာရှိတယ်

ပြုပြင်တာက အကြောင်း ပေါ်လာတာက အကျိုး ရှင်းကြပလား (ရှင်းပါပြီဘုရား) ပြုပြင်တာက (အကြောင်းပါဘုရား) ပေါ်လာတာက (အကျိုးပါဘုရား) အေး ဒီလိုသိထားတော့ ကြော် ခန္ဓာကိုယ်ထဲမှာ ယောက်ျားလည်းမပါ မိန်းမလည်းမပါ အကြောင်းနဲ့ အကျိုးတွေသာ ရှိပါသလား ဆိုတာလည်း ဒိဋ္ဌိကွာသွားတာပဲ (မှန်ပါ)။

မကွာပါနဲ့ဆိုလို့ (မရပါဘူးဘုရား) မရဘူးအကြောင်းနဲ့အကျိုးသာ ရှိတယ်လို့နောက်က ဒကာဒကာမတွေကော ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အကြောင်းထဲမှာလည်း ယောက်ျားမိန်းမ ငါမပါ (မှန်ပါ) အကျိုးထဲမှာလည်း ယောက်ျားမိန်းမ (ငါမပါပါဘုရား) ရှင်းသေးဘူးလား (ရှင်းပါပြီဘုရား) ဒါက နောက်ဆုံးပိတ် မှာတဲ့စကားနော် (မှန်ပါ)။

နောက်ဆုံးပိတ် မှာတဲ့စကားကို ရှင်းပြနေတယ် မောင်နိုင် (မှန်ပါ) ဘုရားသခင် ကိုယ်တော်မြတ်ကြီး ငါသိပ် မပြောနိုင်ဘူးကွတဲ့ အရဏ်တက်ရုံပဲ ငါကျန်တော့တယ်တဲ့ ဒါ (၄၅) ဝါဟောတဲ့ တရားကို တစ်လုံးထဲနဲ့ မင်းတို့ ပြုပြင်လို့ ပေါ်လာတဲ့တရားတွေ မင်းတို့မှာရှိတဲ့ တရားဟူသ၍ မင်းတို့ သန္တာန်ရှိတဲ့ ခန္ဓာငါးပါးဟူသရွေ့ဟာ ပြုပြင်လို့ပေါ်လာ တဲ့တရားလို့သာ မှတ်လိုက်စမ်းပါ (မှန်ပါ)။

ဒကာဒကာမတွေ ဘယ်လိုမှတ်ကြမယ် (ပြုပြင်လို့ ပေါ်လာတဲ့တရားပါဘုရား) ခုတ်ရားနာလာကျတော့ ခန္ဓာ ဘယ်နှစ်ပါးနဲ့ လာကြသလဲ (ငါးပါးနဲ့ လာကြပါတယ်ဘုရား)။

အင်း ငါးပါးနဲ့ လာတာက ကိုယ့်သဘောနဲ့လာ တာ လား ပြုပြင်မှုကြောင့် လာနိုင်ကြတာလား (ပြုပြင်မှုကြောင့် လာနိုင်ကြတာပါဘုရား)။ အင်း . . . တစ်ချို့လည်း ကံ မဖြတ်သေးလို့ လာနိုင်ကြတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

တချို့လည်း ဖဿမချုပ်သေးလို့ ဝေဒနာက္ခန္ဓာနဲ့ လာနိုင်ကြတယ် (မှန်ပါ) တချို့လည်း ဖဿမချုပ်သေးလို့ သညာက္ခန္ဓာနဲ့ (လာကြပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

တချို့ သဒ္ဓါရက္ခန္ဓာ စေတနာနဲ့ လာကြတယ်၊ တချို့ စိတ်နဲ့လာကြတယ်ဆိုတော့ ပြုပြင်လို့ ပေါ်လာတဲ့ တရားနဲ့ လာကြတယ် (မှန်ပါ)။

ဒါဖြင့် ဒီဘက်က အစိမ်းခွက်ကလေးတွေက ပြုပြင်တတ်တဲ့တရား (မှန်ပါ) အနီငါးပါးဆိုတဲ့ ခန္ဓာငါးပါးက (ပြုပြင်လို့ ပေါ်လာတဲ့တရားပါဘုရား) ပြုပြင်လို့ပေါ်လာတဲ့ တရားဆိုတော့ ဩော် . . . လောကကြီးထဲ ဘာများရှိပါလိမ့်မတုံး မောင်နိုင် ဉာဏ်ဖြန့်လိုက်တော့ ပေါ်လာတယ် (မှန်ပါ)။

## ပြုပြင်တတ်တဲ့တရား ပြုပြင်လို့ပေါ်လာတဲ့တရား

ပြုပြင်တတ်တဲ့တရားရယ် ပြုပြင်လို့ ပေါ်လာတဲ့ တရားရယ်၊ ဒါပဲရှိတော့တယ် (မှန်ပါ့) သဘောပါပလား (ပါ-ပါပြီဘုရား)။ ပြုပြင်တတ်တဲ့တရားရယ် (ပြုပြင်လို့ပေါ်လာတဲ့ တရားရယ်ပါဘုရား) ဒါဖြင့် ဒီတရားတွေက ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါး အကျိုးတရားတွေ ချုံးပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလို့ ဩော် . . . ဒီခန္ဓာငါးပါး ပြုပြင်လို့ ပေါ်လာတဲ့တရား **ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ** - သင်္ခါရာ - ပြုပြင်လို့ ပေါ်လာတဲ့တရားတွေ - ဝယဓမ္မာ ကုန်တယ်ကွ (မှန်ပါ့)

ပြုပြင်လို့ပေါ်လာတဲ့တရား ဘာဆိုကြမတုံး (ကုန်ပါတယ်ဘုရား) ကုန်တာပဲ။

ပြုပြင်လို့ပေါ်လာတယ် မောင်နိုင် ပြီးတော့ ဘာဖြစ်မလဲ (ကုန်ပါတယ်ဘုရား) ဒါဖြင့် ပေါ်လိုက် ကုန်လိုက် (မှန်ပါ) ပေါ်လိုက် ပျောက်လိုက် ဒါပဲ မင်းတို့ သန္တာန်ရှိတယ်ဆိုတာဖြင့် ဒါကို မင်းတို့ တစ်ထစ်ချမှတ်စမ်းပါ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ပြုပြင်လိုက်လို့ ပေါ်လာတဲ့တရားဟာ ဘယ်လမ်းဆုံးပါလိမ့် (ကုန်ခြင်းမှာ လမ်းဆုံးပါတယ်ဘုရား) ကုန်ခြင်းပျောက်ခြင်းမှာ လမ်းဆုံးတယ် (မှန်ပါ) ဘယ်လမ်းဆုံးပါလိမ့် (ကုန်ခြင်း၊ ပျောက်ခြင်း လမ်းဆုံးပါတယ်ဘုရား) ဝတကေန္တေန ဝတကေန်အနေနဲ့ စင်စစ်အားဖြင့် သင်္ခါရာ ပြုပြင်နိုင်မှ ဖြစ်ပေါ်ကြတဲ့ သင်္ခါရတရားတွေကိုလည်း ဒါက ပြုပြင်လို့ပေါ်လာတဲ့ သင်္ခါရတရားနော် (မှန်ပါ) ဝယဓမ္မာ - ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းပဲ အဆုံးရှိကုန်၏။

**ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာလမ်းဆုံးမယ်**

ပြုပြင်လို့ပေါ်လာတဲ့တရားဟာ ဘယ်များ လမ်းဆုံးလိမ့်မတုံးလို့ မေးကြရင် ဘယ့်နှယ့်ဖြေကြပ့်မတုံး (ကုန်ခြင်းပျောက်ခြင်းမှာ လမ်းဆုံးပါတယ်ဘုရား) ကုန်ခြင်း ပျောက်ခြင်းမှတစ်ပါး သူ့စခန်းဘယ်မှ သွားစရာမရှိဘူး (မှန်ပါ)။

ဒါဖြင့် ခန္ဓာငါးပါးမှာ ဇမ္ဗူနဲ့ ပူဇော်ချင်ကြလို့ရှိရင် ဖြစ်ပေါ်တဲ့တရားရယ်၊ ကုန်တတ်တဲ့တရားရယ် ခင်ဗျားတို့ ကြည့်ရလိမ့်မယ် (မှန်ပါ) ဖြစ်ပေါ်တဲ့တရား (ကုန်တတ်တဲ့ တရားပါဘုရား)။

ဖြစ်ပေါ်လာတာ တွေ့မှ ကုန်တာတွေ့မှာ (မှန်ပါ) ဖြစ်ပေါ်လာတာ မတွေ့ပဲနဲ့လည်း (ကုန်တာမတွေ့ပါဘူး ဘုရား) ကုန်တာမတွေ့နိုင်ဘူးဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရှင်းကြီးရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ သန္တာန်မှာ ပြုပြင်ထားတာပဲ ရှိတယ် ပြုပြင်လို့ပေါ်လာတဲ့တရားတလည်း ကုန်တာလမ်းဆုံးမှာ ပဲတဲ့ (မှန်ပါ) ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းကို မောင်နိုင် ဘယ်နှယ့်တုံး (လမ်းဆုံးပါတယ်ဘုရား) သဘောပါကြ ပလား (ပါ,ပါပြီဘုရား)။

အဲ ဒါဖြင့် တို့သည်ကားလို့ဆိုလို့ရှိရင် ဘာဖြစ်ချင်လို့မှ မတော်ပါလား ဘာဖြစ်ချင်ဆိုတာ ပြုပြင်တာပဲ (မှန်ပါ့) ပြုပြင်ရင် ဘာဖြစ်ဦးမယ့်ထင်တုံး (ကုန်ခြင်း၊ ဆုံးခြင်း ဖြစ်မှာ ပါဘုရား) ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းပဲ လာဦးမှာပဲ (မှန်ပါ)။

## ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဟာပျက်ချင်လို့သာမှတ်ပေတော့

ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းပဲ (လာဦးမှာပါဘုရား) ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဟာ ပျက်ချင်လို့သာ မှတ်ပေတော့ (မှန်ပါ)။

ဘယ်လို မှတ်ကြမတုံး (ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ပျက်ချင်လို့သာ မှတ်ရမှာပါဘုရား)။ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဟာ ပျက်ချင်လို့ပဲဆိုတော့ ဩော် . . . ဒကာဒကာမတို့ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဟာ ပျက်ချင်လို့ဆိုတော့ ဒီပါဠိတော်က မောင်နိုင်တန်းမနေဘူးလား (တန်းပါတယ်ဘုရား)။

သေသေချာချာပြတာပဲ ဘုရားပရိနိဗ္ဗာန်စံခါနီးပြတဲ့တရားနော် (မှန်ပါ) ပြုပြင်လို့ပေါ်လာတဲ့တရား ကုန်ခြင်းပျက်ပြုန်းခြင်းမှာ မောင်နိုင် ဘယ့်နှယ့်တုံး (လမ်းဆုံးပါတယ်ဘုရား)။

ကျုပ်တို့ အခုခန္ဓာကြီးဟာ နောက်ဘဝက ဒါနကံ၊ သီလကံ၊ အမျိုးမျိုးသောကံတွေက ပြုပြင်လိုက်တော့ ဩော် . . . တပည့်တော်တို့ ရှေ့ဘာဖြစ်ဦးမှာတုံးဘုရာ့ အို မင်း ပြုပြင်လို့ပေါ်လာတဲ့ တရားကိုကွ ကုန်ခြင်းဆုံးခြင်း၊ ပျက်ပြုန်းခြင်းပဲ မင်းဇာတ်သိမ်းမှာပဲ (မှန်ပါ့ဘုရား)။

ကိုစံလှ ဒီ့ပြင် ဘာဖြေစရာရှိသေးတုံး (မရှိပါဘုရား)

ရှင်းကြပလား (ရှင်းပါပြီဘုရား) ဒီတရားကို ပြုပြင်လို့ ပေါ်လာတဲ့တရား ကုန်ခြင်းဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာ လမ်းဆုံးတာကို မင်းတို့ မမေ့ပဲနေကြလို့ရှိရင် မမေ့ပဲနေကြရင် ဆိုတဲ့ဥစ္စာက ရှုကြပါပြောတာ (မှန်ပါ) ဘယ်လိုမှာပါလိမ့် (ရှုကြပါ မှာတာပါဘုရား)။

ခန္ဓာငါးပါးထဲက တစ်ပါးပါးကို မင်းတို့သည် ရှုကြပါလို့ဆိုတာပဲ (မှန်ပါ) ဖြစ်ပေါ်တဲ့ တရား ဘယ်လမ်းဆုံးတုံး (ကုန်ခြင်းဆုံးခြင်း ပျက်ပြုန်းခြင်းမှာ လမ်းဆုံးပါတယ်ဘုရား) ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာ လမ်းဆုံးတယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါတယ်ဘုရား)။

အဲဒါကို မမေ့ကြနဲ့ဆိုတော့ မမေ့နဲ့ဆိုတော့ ဒီဟာ ရှုရမှာ (မှန်ပါ) မောင်နိုင် မမေ့နဲ့ဆိုကာက (ရှုရမှာပါ ဘုရား)။

## ဖြစ်မှုပျက်မှုမမေ့ရစ်နဲ့

ဘုရား ပရိနိဗ္ဗာန်စံခါနီး ဘာများဟောသွားပါလိမ့် မတုံးဆိုတော့ အင်း ဖြစ်မှု ပျက်မှု မမေ့ရစ်နဲ့ကွ (မှန်ပါ) ဘာဟောသွားတုံး (ဖြစ်မှု ပျက်မှု မမေ့ရစ်နဲ့ပါဘုရား)။

ဒကာ ဒကာမတွေ အင်မတန်အဖိုးတန်တာနော် (မှန်ပါဘုရား)။ ဖြစ်မှု ပျက်မှုကို (မမေ့ရစ်နဲ့ပါဘုရား)။ မမေ့ရစ်နဲ့ကွာလို့ သေသေချာချာဟောပါကယ် (မှန်ပါ)။

ဒကာဒကာမတို့ ဘယ်လိုဟောပါသလဲ (ဖြစ်မှု ပျက်မှု မမေ့ရစ်နဲ့ပါဘုရား) ဒါကိုတော့ မမေ့ကြပါနဲ့ ဒကာ ဒကာမတို့ ဘုန်းကြီးလည်း ပြန်တော့မှာ ခင်ဗျားတို့လည်း မမေ့မှ တော်မယ် (မှန်ပါ)။

ဘုရား ပရိနိဗ္ဗာန်စံခါနီးလည်းဖြစ်မှု ပျက်မှု မမေ့ရစ်နဲ့ ဒါလမ်းဆုံးတာပဲကွ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) အဲ ဖြစ်မှု ပျက်မှုကို ဘာတဲ့တုံး (မမေ့ရစ်နဲ့ပါဘုရား) မမေ့စေနဲ့ ကွတဲ့ ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ သူပဲ၊ သူဟာ ကုန်ခြင်း ဆုံးခြင်း ပျက်ပြုန်းခြင်းမှာ လမ်းဆုံးတာပဲဆိုတာ သဘောပါ ပလား (ပါ,ပါပြီဘုရား)။

ဒါဖြင့် သူ့မှာ ဖြစ်မှုရယ် ပျက်မှုရယ်ပဲရှိတယ် (မှန်ပါ) ဒါဖြင့် ဘယ်ခန္ဓာမဆို မောင်နိုင် ဆုံးဖြတ်ချက်ချ၊ ကိုစံလှ ဆုံးဖြတ်ချက်ချ (ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ်ဘုရား) ဒါပဲရှိတယ် (မှန်ပါ)။

ဒီပြင် ဘာများရှိသေးတုံး (ဘာမှမရှိတော့ပါဘူး ဘုရား) အဲဒါကြောင့်ဖြစ်မှုသည်ကားဆိုလို့ရှိရင်လည်း ဘုန်းကြီးတို့ ဒီပြင်ပါဠိတော်နဲ့ သွင်းမယ်ဆိုတော့ ဖြစ်မှုဟာ ဖြစ်ဒုက္ခလို့ ပြောတယ် (မှန်ပါ)။

ပျက်မှုဟာ (ပျက်ဒုက္ခပါဘုရား) ပျက်ဒုက္ခလို့ ပြော တော့ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီဖြစ်

ဒုက္ခနဲ့ ပျက်ဒုက္ခကို မင်းတို့ မမေ့ရစ်နဲ့ ဒါကို မမေ့လို့ရှိရင် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခအဆုံးရောက်ပါလိမ့်မယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ဖြစ်မှုနဲ့ ပျက်မှုကို မမေ့ပဲနဲ့ မင်းတို့ရှုနေကြလို့ရှိရင် ၎င်းဖြစ်ဒုက္ခနှင့် ပျက်ဒုက္ခ၏ 'အဆုံး ဖြစ်တဲ့ နယ်ကိုတော့ဖြင့် မင်းတို့ ဆုမတောင်းပဲနဲ့ ရောက်ပါ တယ် (မှန်ပါ)။

ဘယ်လိုပါလိမ့် (ဆုမတောင်းပဲနဲ့ ရောက်ပါတယ် ဘုရား) ဆုမတောင်းပဲနဲ့ ရောက်ပါလိမ့်မယ်လို့ ဒကာဒကာမ တို့ လေးလေးစားစားမှတ်ပါ (မှန်ပါ)။

ဘာဖြစ်လို့ ရောက်ရမှာတုံးလို့ မေးတဲ့အခါ ဖြစ်မှု ပျက်မှုမြင်တဲ့ ပုဂ္ဂိုလ်သည် ဖြစ်မှု ပျက်မှုမုန်းမှာပဲ (မှန်ပါ)။

သူများခန္ဓာလား မိမိခန္ဓာလား (မိမိခန္ဓာပါဘုရား) မုန်းတဲ့ပုဂ္ဂိုလ်သည်ကားလို့ဆိုရင် မလိုချင်ဆိုတဲ့ ခုနက ဖြစ်မှု ပျက်မှုရှုတဲ့ ဉာဏ်သည် မလိုချင်တဲ့ဉာဏ် ဖြစ်လာမှာပဲဆို တာလည်း ဒကာဒကာမတွေ အမှန်ပဲ (မှန်ပါ)။

အဲတော့ သူဆုံးမလား မဆုံးဘူးလား (ဆုံးပါတယ် ဘုရား) တေသံ ထိုဖြစ်မှုပျက်မှုနှစ်ပါးတို့သည် ဆိုတဲ့ဥစ္စာနော် (မှန်ပါ)။

## နောက်ဆုံးဟောသော တရားတော်

**ဟန္ဒ ဒါနိ ဘိက္ခဝေ၊** ဘိက္ခဝေ - ရဟန်းတို့ ဟန္ဒ- ကိုယ်တော်ပန်း၍ နွမ်းလှလေပြီဆိုတာက သူ့ဝမ်းကလျှော နေတော့ အင်မတန် ပန်းနေတယ် (မှန်ပါ)။

ပန်းလျက်နဲ့ ဟောနေတယ် (မှန်ပါ) **ဝေါ တုမာကံ** ချစ်သားတို့အား **အာမန္တယာမိ** - ငါ တရားရှည်ရှည် မဟော နိုင်ဘူး နောက်ဆုံးပိတ် ပြောခဲ့မယ် တိုတိုပဲ ငါပြောခဲ့မယ် နော် (တင်ပါဘုရား)။

**သင်္ခါရာ** - ပြုပြင်နိုင်မှ ဖြစ်ပေါ်ကြတဲ့ တရားတွေ **ဝယဓမ္မာ** - ကုန်ဆုံးခြင်း၊ ပျက်ပြုန်းခြင်း ရှိကြကုန်၏ ဖြစ်ပေါ် တဲ့တရား ကုန်ခြင်း၊ ပျက်ပြုန်းခြင်း ရှိကြကုန်၏။

ဖြစ်ပေါ်တဲ့တရားက သင်္ခါရတရားကို (မှန်ပါ) သူ ဘယ်လမ်းဆုံးပါလိမ့် (ကုန်ခြင်း ဆုံးခြင်း ပျက်ပြုန်းခြင်း၊ လမ်းဆုံးပါတယ်ဘုရား) ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်း သာလျှင် သဘောရှိကြကုန်၏ သဘောကျပလား (ကျပါပြီ ဘုရား)။

ဝယဓမ္မာ - ကုန်ခြင်း၊ ဆုံးခြင်း တို့ကြောင့် တုမေ့ သင်တို့သည် **အပ္ပမာဒေန** - မမေ့ မလျော့ပဲနဲ့ (ဝါ) - ရှုပြီး တော့နေပါ (မှန်ပါ)။

ဟုတ်လား (မှန်ပါ) **သမ္ပာဒေထ** - မင်းတို့ ဒါရှုပြီးနေ

ကြမယ်ဆိုရင်ဖြင့် ငါပြောတဲ့ **ဒုက္ခသ** - ဒုက္ခ၏၊ **အန္တာ** - အဆုံးကို၊ သူကဖြစ်မှု ပျက်မှုဆုံးလို့ရှိရင် ဒုက္ခဆုံးတာပဲ (မှန်ပါ)။

ဖြစ်တာက ဖြစ်ဒုက္ခ၊ ပျက်တာက (ပျက်ဒုက္ခပါဘုရား)၊ အဲဒါအဆုံးရှိတယ်ကွ (မှန်ပါ)၊ ဒကာ ဒကာမတွေ ဘာတဲ့တုံး (အဆုံးရှိပါတယ်ဘုရား) အဆုံးရှိတယ်တဲ့ . . . ဒုက္ခနှစ်ခုရှိလို့ရှိရင် ဒုက္ခနှစ်ခု၏ အဆုံးဟာ ဒကာဒကာမတို့ ရှိရမယ် (မှန်ပါ)။

နွယ်တစ်ခုကို မောင်နိုင် အရင်းကဖြတ်လိုက်ရင် အဆုံးတွေ့မှာပဲ (မှန်ပါ) အညွန့်ကနေကိုင်လိုက်လည်း (အဆုံးတွေ့မှာပါဘုရား)၊ အဆုံးတွေ့မှာ သူအမြစ်ကျရင် အဆုံးတွေ့မှာမသေချာဘူးလား (သေချာပါတယ်)။

အဲ မလုပ်တဲ့ပုဂ္ဂိုလ်ဖြင့် အဆုံးမတွေ့ပေဘူးကွာတဲ့ ဖြစ်မှုဒုက္ခလည်း တွေ့ကြမယ်၊ ပျက်မှုဒုက္ခလည်း တွေ့ကြမယ် ဆို ဖြစ်မှု၏ အဆုံး၊ ပျက်မှု၏အဆုံးဖြစ်တဲ့နိဗ္ဗာန်တွေ့ရမယ် (မှန်လှပါ) လိုက်သာသွားပါ (မှန်ပါ)။

ကိုစံလှ ဘာတဲ့တုံး (လိုက်သာသွားပါဘုရား) လိုက်သာသွားရမယ် ငါဆုံးပရစေတော့ဆိုတဲ့ စိတ်နဲ့ မလိုက်နဲ့ (မှန်ပါ)။

ဩော် ဖြစ်မှု ပျက်မှုမှတစ်ပါး ဘာမှမရှိပါလား။ ဖြစ်မှု

ပျက်မှုချည်း ဉာဏ်နဲ့ မြင်နေပါလားဆိုပြီး မောင်နိုင် ဘာမှ စိတ်ထဲက ဗျာပါဒမများပဲနဲ့ လိုက်သာသွား (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

လိုက်သွားတဲ့ အခါကျလို့ရှိရင် နွယ်လိုက်သလိုပါပဲ ဒကာဒကာမတို့ ဆုံးမှာပါပဲ (မှန်ပါ) နွယ်လိုက်သလိုပေါ့ (မှန်ပါ)။

အင်း ဘူးနွယ်တစ်ခု အဖျားတွေ့တယ်ဆို မောင်နိုင် လိုက်ဟော့ အင်း အဆုံးကော့ ကိုယ်လိုချင်တဲ့ အဆုံးတော့ ရှည်ရှည်လိုချင် ရှည်ရှည်ရမှာပဲ (မှန်ပါ) မရပေဘူးလား (ရပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့ ရှေးတုန်းက ဖြစ်မှုပျက်မှု အဆုံးနိဗ္ဗာန်ဆိုတာဟာ သိလည်းမသိခဲ့ကြဘူး၊ အခု အချိန်ဖြင့် တစ်ပွဲလုံးပဲ သိပြီဆိုကြပါစို့ (မှန်ပါ)။

## နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် (ဖြစ်မှု ပျက်မှုဆုံးတာပါဘုရား) ဖြစ်မှု ပျက်မှုဆုံးတာ၊ နိဗ္ဗာန်ဆိုတာ (ဖြစ်မှုပျက်မှုဆုံးတာပါဘုရား) ဩော် ဖြစ်မှုပျက်မှုအလုပ်က ခန္ဓာ၏ အလုပ်ကို (မှန်ပါ)။

ဖြစ်မှု ပျက်မှုဟာ မောင်နိုင် (ခန္ဓာ၏အလုပ်ပါဘုရား) ဩော် . . . ဒါဖြင့် ဖြစ်ခန္ဓာလည်းဆုံး၊ ပျက်ခန္ဓာလည်းဆုံး ဆိုတော့ ခန္ဓာဆိုတာကလည်း ဇာတိ၊ ဇရာမရဏာရှိတာကို ဘာခေါ်ကြမတုံး (ခန္ဓာပါဘုရား)။

ခန္ဓာမှ မရှိတဲ့ပုဂ္ဂိုလ် ဇာတိ၊ ဇရာ၊ မရဏာ၊ ဒုက္ခသစ္စာကြီးက လုပ်ဦးမလား (မလုပ်တော့ပါဘူးဘုရား)။

ဩော် . . ဒါဖြင့် ရှုပွားနေတဲ့ ယောဂီသည် မမေ့ပဲနဲ့ ဘုရားဟောတော်မူတဲ့အတိုင်း လုပ်နေတဲ့ပုဂ္ဂိုလ်ဟာဖြင့် ဩော် -ဒုက္ခဆုံးတဲ့ ပုဂ္ဂိုလ်ပဲလို့ ဆိုရုံပဲ (မှန်ပါ)။

ဘယ့်နှယ့်ဆိုကြမတုံး (ဒုက္ခဆုံးတဲ့ ပုဂ္ဂိုလ်ပါဘုရား) ဒုက္ခဆုံးတဲ့ပုဂ္ဂိုလ်လို့ ဆိုထိုက်မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် မောင်နိုင်တို့ ကိုစံလှတို့ ဒုက္ခတွေ့ဖို့ (၁) နံပါတ်အရေးကြီးပါတယ်၊ ဒါမှ ဒုက္ခအဆုံးလိုက်တတ်မှာ (မှန်ပါ) နွယ်အစမှ မတွေ့ပဲနဲ့ နွယ်လိုချင်တော့ နွယ်အဆုံးကို ကျုပ်တို့ ငိုပြီးနေပြောသော်လည်း ဒီနွယ်အဆုံးတော့ဖြင့် အစမတွေ့တဲ့ပုဂ္ဂိုလ် နွယ်အဆုံးတော့ဖြင့် ရမယ်မဟုတ်ပါဘူး (မှန်ပါ)။

ဘာ့ကြောင့်တုံး အစမတွေ့လို့ (မှန်ပါ) အဆုံး (မတွေ့နိုင်ပါဘူးဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

အဲတော့ နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါ ရှုကြည့်ပါ ဖြစ်မှု ပျက်မှုဆုံးလို့ရှိရင်ဖြင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခအဆုံးဖြစ်သောကြောင့် ဒုက္ခဆုံးပေါ့ဆိုတာ ကိုယ်တိုင်သိတာပဲ (မှန်ပါ) သဘောကျပလား (ကျပါပြီ ဘုရား)။

## အခေါ်က နိဗ္ဗာန်၊ အရှိက ဒုက္ခအဆုံး

ဒုက္ခဆုံးပေါ့ဆိုတာ (ကိုယ်တိုင်သိပါတယ်ဘုရား) ကိုယ်တိုင်သိပါလိမ့်မယ်ဆိုတာဖြင့် ဒကာဒကာမတို့ ဘာမှ ပြောစရာမရှိဘူး ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခအဆုံးဆိုတာ ဒုက္ခတွေ့မှ အဆုံးရှိမှာပဲ (မှန်ပါ) ဒုက္ခအဆုံးဆိုတာ (ဒုက္ခတွေ့မှ ရှိမှာပါဘုရား)။

အဲ ဒုက္ခအဆုံးဆိုတာ တခြားလားအောက်မေ့နေတယ် ဒုက္ခမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုစံလှ မောင်နိုင်တို့က ဘယ်လိုမှ မစဉ်းစားနဲ့ (မှန်ပါ) သူ နိဗ္ဗာန်ကို မရောက်တော့ဘူး (မှန်ပါ)။

ရပ့်မလား (မရပါဘူး) နိဗ္ဗာန်တော့ မရနိုင်ဘူး ဒကာဒကာမတို့ ဘာကြောင့်တုံး ဘာကြောင့်မရနိုင်တုံးဆိုတော့ ဒုက္ခမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခအဆုံးကို နိဗ္ဗာန်ဆိုတာလည်း

အခေါ်နိဗ္ဗာန်၊ အရှိဒုက္ခအဆုံး (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အခေါ်ကတော့ဖြင့် (နိဗ္ဗာန်ပါဘုရား) အရှိကတော့ဖြင့် (ဒုက္ခအဆုံးပါဘုရား) ဒုက္ခအဆုံးပဲဆိုတော့ ဒါကိုသိပြီး သကာလ ထားတဲ့ ဒကာဒကာမတွေ ဖြစ်နေတော့ ဩော်တို့ ဘယ်လိုများ လုပ်ရမှာပါလိမ့် နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဘယ်လိုများ လိုက်ရပါလိမ့်မတုံးဆိုတော့ ဒီ သတိလေး၊ သတိပညာလေးနဲ့ မောင်နိုင်တို့က ဘုရားမှာတဲ့အတိုင်း ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးပိတ်မှာတဲ့အတိုင်း မမေ့ရစ်နဲ့ဆိုတာလေးကို။

ဖြစ်ပျက်ကို ဖြစ်ပျက်ဒုက္ခသစ္စာကို မမေ့ရစ်နဲ့ဆိုတာလေး မမေ့ပဲနေလို့ရှိရင် ဖြစ်ပျက်ဒုက္ခသစ္စာဟာ ဆုံးရမယ် (မှန်ပါ)။

မဆုံးပါနဲ့ဆိုလို့ (မရပါဘူး ဘုရား) မဆုံးပါနဲ့ဆိုရင် ဘယ်ရမလဲတဲ့ ဘုရားတစ်ဆူ တစ်ဆူနောက်မှာ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်းတွေဟာ ဘယ်များသွားနေကြပါလိမ့် အို . . . ဒုက္ခမရှိတဲ့နေရာ သွားနေကြတာပေါ့ (မှန်ပါ)။

ဘာဉာဏ်နဲ့ သွားကြတာတုံး အို ဒုက္ခဆုံးတဲ့ဉာဏ်နဲ့ သွားကြတာပေါ့ (မှန်ပါ) ဘယ်လို ဆိုကြပမတုံး (ဒုက္ခ

ဆုံးတဲ့ ဉာဏ်နဲ့ သွားကြတာပါဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

ဩော် ဒါဖြင့် ဒုက္ခကိုမှ မသိတဲ့ပုဂ္ဂိုလ်သည် မောင်နိုင် ဒုက္ခအဆုံး တွေ့ပါလိမ့်မယ်ဆိုတာဖြင့် မယုံပါနဲ့ (မှန်ပါ) ယုံစရာအကြောင်းကလည်း (မရှိပါဘူးဘုရား) မရှိဘူးဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးလည်း အခု ပရိနိဗ္ဗာန်စံရန် အရက်တက်ရုံပဲ ကျန်တော့တယ် သူပရိနိဗ္ဗာန်စံခါနီးမှာ ဒီလိုသာ မင်းတို့ မမေ့ ပဲနဲ့ နေကြလို့ရှိရင်၊ ဒုက္ခ၏ အဆုံးတော့ဖြင့် ရောက်မှာပဲဟေ့ . . . (မှန်ပါ)။

## ဖြစ်ပျက်ရှုတဲ့အကျင့်ကို ကျင့်ရစ်ပါ

ဆိုတော့ ဒီအကျင့် ကျင့်ရစ်ပါ မှာတယ် (မှန်ပါ) ဖြစ်ပျက်ရှုတဲ့ အကျင့်ကိုဖြင့် လေးလေးစားစားနဲ့ နိုးကြားထား ပြီးသကာလ ကျင့်ရစ်ပါကွာ ငါအလိုရှိတာဒါပဲ (မှန်ပါ)။

ခုနင်ကပန်းတွေ ပူဇော်တာ ငါ အမြတ်ဆုံးပူဇော် တယ်လို့ ငါမဟောပါဘူး (မှန်ပါ) ဟုတ်ဘူးလား (မှန်ပါ)။

အင်း မွှေးကြိုင်တဲ့ အမှုန့်တွေနဲ့ ဖြဟ္မာတွေက ကြဲတာလည်း အမြတ်ဆုံးပူဇော်တဲ့ထဲ သွင်းပါရဲ့လား (မသွင်း

ပါဘူး) အတီးတွေ၊ အမှုတ်တွေနဲ့ ပူဇော်နေတာကိုလည်း အမြတ်ဆုံးပူဇော်တဲ့အထဲကို (မသွင်းပါဘူး)။

ဘယ်ဟာသွင်းလိုက်ပါလိမ့်မတုံးဆိုလို့ရှိရင် ဒုက္ခအဆုံးရောက်အောင်လို့ ဒုက္ခသိနေတဲ့ပုဂ္ဂိုလ်သည် ဒါ အမြတ်ဆုံးပူဇော်နေတာပဲကွ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။ ဒုက္ခသိပြီးသကာလနေတဲ့ ပုဂ္ဂိုလ်ဖြင့် ဒုက္ခအဆုံးရောက်အောင်သွားမယ်လို့ ရည်ရွယ်ချက်နဲ့ မမေ့ပဲနဲ့ လုပ်နေတဲ့ ပုဂ္ဂိုလ်ဆိုရင် လွဲပါ့မလား (မလွဲပါဘူး) ရှင်းကြပလား (ရှင်းပါပြီ)။

ဒီလိုဆိုလို့ရှိရင် ဒါဘာနဲ့ ပူဇော်ပွဲတုံး၊ ပူဇော်တကာ့ပူဇော်ထဲမှာ အကြီးဆုံး အမြတ်ဆုံး ပူဇော်ပွဲပဲဆိုတဲ့ဥစ္စာ ပန်းတွေကြွေကျတာ ဒါဟောတာ (မှန်ပါ)။

ကိုစံလှ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အားလုံး ဒကာဒကာမတွေ ဒီအရေးဟာ အခု သေသေချာချာ ပြောဆိုပြီးသကာလ နေတဲ့အတွက် ဒီအရေး တယ်ကြီးပါလား (အရေးကြီးပါတယ်ဘုရား)။

တို့သည်ကားလို့ ဆိုလို့ရှိရင် ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် မရောက်ခဲ့တာ အမြတ်ဆုံးပူဇော်ပွဲ တစ်ခါမှ မနွှဲခဲ့သေးလို့ပဲ (မှန်ပါ) ဆိုထိုက်မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အမြတ်ဆုံးပူဇော်ပွဲ မနွှဲခဲ့သေးလို့ပဲလို့ ဆိုတဲ့ဥစ္စာ

ဒီပြင်ဟာတွေ ပူဇော်ခဲ့လို့တော့ အခု လူ့ဘဝတွေ၊ နတ်ဘဝတွေ ရကြပါပြီ၊ မရခဲ့ကြဘူးလား (ရပါတယ်ဘုရား) သို့သော် ဒုက္ခဆုံးပါရဲ့လားလို့ (မဆုံးပါဘူးဘုရား)။

## ဒုက္ခအဆုံးရောက်ချင်ရင် ဒုက္ခတွေ့အောင်ရှာပါ

ဒုက္ခကြီးနဲ့ပဲ အခုခန္ဓာကြီးနဲ့ပဲ နေကြရတယ်ဆိုတာ ငြင်းနေဖို့ လိုသေးလား (မလိုတော့ပါဘူး) ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခအဆုံး ရောက်ချင်လို့ရှိရင် ဒုက္ခတွေ့အောင် ရှာပါ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒုက္ခအဆုံးရောက်ချင်ရင် (ဒုက္ခတွေ့အောင် ရှာပါ) ရှာရင်လည်း ရှာတဲ့အတိုင်းသာ မှန်မှန်ကန်ကန် လိုက်သွားစမ်းပါ . . . တဲ့ ဒုက္ခရှိရင် ဒုက္ခအဆုံးရှိပါတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒုက္ခရှိရင် (ဒုက္ခဆုံးပါတယ်ဘုရား) အဲဒါ ဘယ်အချိန်များ ဟောပါလိမ့်မတုံးလို့ ဆိုတော့ ပရိနိဗ္ဗာန်စံခါနီးမှာ ဒီသင်္ခါရတရားပျက်တယ် အဲဒါ ပျက်တာ မမေ့ရစ်နဲ့၊ သဘောကျပလား (ကျပါပြီဘုရား)။

သင်္ခါရတရားဟာ (ပျက်ပါတယ်ဘုရား) ပျက်ခြင်း၊ ပြန်းခြင်း ဆုံးခြင်းမရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါ မမေ့ရစ်နဲ့၊ ဒါ မမေ့နဲ့ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်မမေ့နဲ့ (မှန်ပါ) ဘာမှာပါလိမ့် (ဖြစ်ပျက် မမေ့ပါနဲ့ဘုရား) ဖြစ်ပျက်မမေ့နဲ့ကွ၊ အဖြစ်ကလည်း ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) အပျက်ကလည်း (ဒုက္ခသစ္စာပါဘုရား) အဲဒါ မမေ့နဲ့ဆိုတော့ ဒုက္ခသစ္စာ မမေ့ရစ်နဲ့ (မှန်ပါ)။

**ဒုက္ခသစ္စာမြင်ရင်ဉာဏ်ကဆုံးအောင်လုပ်လိမ့်မယ်**

ဒုက္ခသစ္စာမင်းမြင်လာလို့ရှိရင်ဖြင့် မင်းဒုက္ခ အဆုံးသည် မင်းဉာဏ်က ဆုံးအောင်လုပ်လိမ့်မယ် (မှန်ပါ) မောင်နိုင် သေချာပလား (သေချာပါတယ်ဘုရား)။

သူများက ဆုံးအောင်လုပ်မှာလား ဒီဉာဏ်ကပဲ ဆုံးအောင်လုပ်မှာလား (ဒီဉာဏ်ကပဲ ဆုံးအောင်လုပ်မှာပါဘုရား) ဒီဉာဏ်က ရင့်လာတဲ့အခါ ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်မုန်းလို့ ဖြစ်ပျက်ဆုံးတာပဲ ကျေနပ်ပါတော့တယ်ဆိုတဲ့ ဒီဉာဏ် ထက် မထက် (ထက်ပါတယ်ဘုရား)။

ထက်လာမယ်ဆိုတဲ့ဉစ္စာ ဒါဖြင့် ဒုက္ခတွေ့တဲ့ ပုဂ္ဂိုလ်မှာဖြင့် သူတစ်ပါး တိုက်တွန်း နှိုးတော်မှ နိဗ္ဗာန်ရောက်မှာလား တွေ့ကတည်းက သူ့ဉာဏ်နဲ့သူပဲ အဆုံးကို ရောက်ချင်တဲ့သဘောတွေ ပေါ်လာမှာပဲလားလို့ မေးရင် သူ့ဉာဏ်နဲ့သူပေါ်လာလိမ့်မယ်လို့ မောင်နိုင် ဖြေပါ (မှန်ပါ)။

ဘုရားကူနေဖို့ လိုသေးလား (မလိုပါဘူး) အဲတော့ ဘုရားကူရမယ့် အဖြေက ဒကာဒကာမတို့ ဖြစ်ပျက်တွေ့ အောင်တော့ ကူရလိမ့်မယ် (မှန်ပါ့) မကူရပေဘူးလား (ကူရပါတယ်ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဘုရားပရိနိဗ္ဗာန် ဒီစကားပြောပြီး ဖြစ်ပျက် မမေ့ရစ်နဲ့ဆိုပြီး ပရိနိဗ္ဗာန်စံတာ ဘဲ (မှန်ပါ) နောက်ထပ်စကား တစ်လုံးမှမသုံးတော့ဘူး (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အင်း ဘုရားဘာများ ဆုံးမသွားပါလိမ့် (ဖြစ်ပျက် မမေ့နဲ့ပါဘုရား) အဲ ဖြစ်တာသည် သင်္ခါရ၊ ပျက်တာသည် အနိစ္စ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) ပျက်တာ သည် ဝယဆိုလည်း မှန်တာပဲ (မှန်ပါ) အဲ **ဖြစ်ပျက် မမေ့ရစ်နဲ့** ဆိုပြီး ပရိနိဗ္ဗာန်စံတာပဲ (မှန်ပါ)။

နောက်ဆုံးပိတ် စကားရိပ်မိပလား (ရိပ်မိပါပြီဘုရား) **ဘုရားဘာများ မှာပါလိမ့်** (ဖြစ်ပျက်မမေ့ရစ်နဲ့ပါဘုရား) ဖြစ်ပျက် မမေ့ရစ်နဲ့လို့ပဲ မှာခဲ့ပါတယ် (မှန်ပါ့)။

ဖြစ်ပျက် မမေ့ရစ်နဲ့ဆိုတဲ့စကားသည် နိဗ္ဗာန်ကို သူမှ ရောက်မယ်လို့ ပြောသွားတာနဲ့ မောင်နိုင်တစ်ထပ်ထဲပါပဲ (မှန်ပါ) ရှင်းကြပလား။

ဒါဖြင့် ဘုန်းကြီးများ ဟောနေတဲ့ ဖြစ်မှု ပျက်မှုဟာ

ဘယ်အချိန် ကိုယ်တော်မြတ်ကြီး အရေးတကြီး ဟောပါလိမ့် မတုံးဆိုတော့ (၄၅) ဝါအတွင်းမှာ အရေးတကြီး ဟောတာပဲ (မှန်ပါ) ပရိနိဗ္ဗာန် စံခါနီးလည်း ထပ်မှာတာလည်း ဒါပဲလို့ မှတ်ပါ (မှန်ပါ)။

သင်္ခါရတရား ပျက်တတ် ပြန်းတတ်သည် ပျက်ပြန်း တတ်သည် (မှန်ပါ) ဖြစ်ပေါ်လာတာ ဘာခေါ်ကြမတုံး (သင်္ခါရပါဘုရား) သူဘယ်လမ်းဆုံးမတုံး (အပျက်လမ်းဆုံး ပါတယ်ဘုရား) အပျက်လမ်းဆုံးမယ်ဆိုတာ နောက်က ဒကာ ဒကာမတွေ ကျေနပ်ကြပလား (ကျေနပ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကျေနပ်တော့မှ သင်္ခါရတရား ပျက်တတ် တယ် အဲဒါ မမေ့ရစ်နဲ့ဆိုပြီး ဝိညာဉ်ချုပ်တာပဲ (မှန်ပါ) သင်္ခါရတရား (ပျက်တတ်ပါတယ်ဘုရား) အဲဒါကို (မမေ့ရစ် နဲ့) ဒါနောက်ဆုံးပိတ်မှာတာ (မှန်ပါ)။

သင်္ခါရတရား (ပျက်တတ်တယ်) အဲဒါကို (မမေ့ရစ်နဲ့) ဒါပဲ ဟောတာပဲ သဘောကျပလား (ကျပါပြီဘုရား) သင်္ခါ ရတရား (ပျက်တတ်ပါတယ်ဘုရား) သင်္ခါရတရားဆိုတာ ဒီကပြုပြင်လို့ပေါ်လာတဲ့ တရား (မှန်ပါ)။

သင်္ခါရတရား (ပျက်တတ်ပါတယ်ဘုရား) အဲဒါကို (မမေ့ရစ်နဲ့) ကဲ ဒကာဒကာမတွေ ဘုရား နောက်ဆုံးပိတ် အရေးတကြီး မှာသွားတာ ဘာပါလိမ့်မလဲ (သင်္ခါရတရား

ပျက်တတ်ပါတယ်မမေ့နဲ့ ပါဘုရား) အဲဒါ မမေ့ရစ်နဲ့ သဘောကျပလား (ကျပါတယ်ဘုရား)။

## ဒါကို အမြဲသတိထားပြီး ရှုပါ

ဒီလို မမေ့ရစ်နဲ့ ဆိုတဲ့စကားဟာက သေချာလိုက်တာမှ မောင်နိုင် သင်္ခါရတရား ပျက်တတ်တယ် အဲဒါ မမေ့ရစ်နဲ့ဆိုတော့ ဒါကို မင်းတို့က အမြဲသတိထားပြီး ရှုပါ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်လိုဟောပါလိမ့် (သင်္ခါရတရား ပျက်တတ်ပါတယ် မမေ့ရစ်နဲ့) အဲဒါကို မမေ့ရစ်နဲ့ဆိုတော့ ဒါရှုပေါ့ (မှန်ပါ့) ဒါရှုဆိုတော့ နောက်ပဋိစ္စသမုပ္ပါဒ်က ဘယ်နှယ့်နေတုံး (ပြတ်ပါတယ်ဘုရား)။

ပြတ်နေတော့ အင်း ဒကာဒကာမတွေ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အလုပ်ဆိုတာသည် ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဘာသစ္စာကြီးလို့ နောက်ကလာမတုံး (ဒုက္ခသစ္စာကြီးပါဘုရား) ဪ ဒုက္ခပြတ်တဲ့အလုပ်ပါလား (မှန်ပါ) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲတော့ ဒုက္ခပြတ်တဲ့ အလုပ်ဖြင့် ကျုပ်တို့ကလည်း အင်း . . . အခု စီးပွားရှာကြတယ်ဆိုတော့ အိုတဲ့အခါ ချောင်ချောင်လည်လည်စားဖို့ဆိုတော့ အိုတဲ့အခါမှာ ဒုက္ခနည်းဖို့

ပြောတာ (မှန်ပ့ါ) ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အခုလို ပျို့ရွယ်တုန်းက ရှာကြဖွေကြ စုကြ ဆောင်းကြတာ ဒကာဒကာမတို့ ဘယ်အကျိုးငှာတုံးဗျ။ တော်ကြာတပည့်တော်တို့က မျက်စိမွဲ ခါးကိုင်းနားထိုင်းဆိုတာ လာဦးမှာဗျ (မှန်ပါ) အဲဒီအချိန်ကျတော့ သားသမီးတွေဆီလက်ဖြန့်တောင်းစားချင်စိတ်ကလည်း တပည့်တော်တို့က မရှိဘူး၊ အဲဒါကြောင့် အခုကတည်းက အပင်ပန်းခံ ရှာနေရတယ်ဆိုတဲ့ဥစ္စာ ဒုက္ခကြောက်လို့ ကြိုပြောတာ (မှန်ပါ)။

ဘယ်ဟာကြောက်လို့ ပြောတာပါလိမ့် (ဒုက္ခကြောက်လို့ ပြောတာပါဘုရား) ဒုက္ခကြောက်လို့ ပြောလို့ရှိရင်ဖြင့်ခင်ဗျားတို့ အဲဒါကတော့ဖြင့်တဲ့ ကိုယ့်စကားထဲမှာပဲ ပါပါတယ်တဲ့ ဒုက္ခကြောက်လို့ စီးပွားရှာငြားသော်လည်း ခန္ဓာကိုယ်ကြီးက၊ ခန္ဓာကိုယ်ကြီးက ငယ်တုန်းဒုက္ခထက် ကြီးတဲ့ဒုက္ခက ပိုပြီးသကာလ မလာဘူးလား (လာပါတယ်)။

ဒုက္ခကြောက်လို့ စီးပွားရှာငြားသော်လည်းတဲ့ ဒုက္ခကြီးနဲ့ပဲ တွေ့ရဦးမှာပဲ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒုက္ခကြောက်လို့ စီးပွားရှာရင် (ဒုက္ခကြီးနဲ့ပဲ တွေ့ရဦးမှာပဲဘုရား) အဲ ဒုက္ခကြောက်လို့ လောကုတ္တရာ စီးပွားရှာကြမယ်ဆိုဒုက္ခသိမ်းတယ်(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒုက္ခကြောက်လို့ လောကုတ္တရာစီးပွား မမေ့ရစ်နဲ့ ဆိုတာ မမေ့ရင်ဘာတုံး (ဒုက္ခသိမ်းပါတယ်ဘုရား) အဲ ဒုက္ခ ကြောက်လို့ စီးပွားရှာရင် ဒုက္ခပဲ ပြန်တွေ့မယ် (မှန်ပါ)။

ဘယ်လိုတွေ့မလဲလို့ မေးတဲ့အခါကျတော့ ကိုယ်စု ထားတာလေး ဟိုသားက လိုချင်၊ ဟိုသမီးကလိုချင် (မှန်ပါ)။

လိုချင်တယ်ဆိုတော့လည်း အိုစာ မင်းစာထားတဲ့ ဟာလေး မသဒ္ဓါရေ၊ သဒ္ဓါရေနဲ့ ရောအင့်ဆိုပြီး ကိုင်ပေါက် ပစ်လိုက်ဆိုတော့ ပေးလည်း ပေးရ ကြည်လည်း ကြည်ညိုမှု မရှိဘူး ဒါရှိလို့လည်း တစ်ဆူဆူ တစ်မြှောင်းမြှောင်းနဲ့ နေတာ ပဲ ဆိုတော့ ဒုက္ခကြောက်လို့ ရှာထားတာ ဒုက္ခဝိုင်းနေတယ် (မှန်ပါ)။

မဝိုင်းဘူးလား၊ ဝိုင်းလား (ဝိုင်းပါတယ်ဘုရား) သေ၊ သေတော့မှာ ခုထက်ထိ သူအထုတ်ကလေး မဖြေသေးဘူး အစရှိသည်နှင့် မျက်စောင်းထိုး ကြမ်းဆောင့်တာတွေ ကြားရတယ် (မှန်ပါ)။

မကြားရဘူးလား (ကြားပါတယ်ဘုရား) ကြားရမယ် ဆိုတာ ဒကာဒကာမတွေ အထူးတလည် ပြောဖို့ မလိုပါဘူး အိမ်တိုင်းမှာ လျှောက်ကြည့် ဒါ အိမ်တိုင်းရှိပါတယ် မရှိပေ ဘူးလား (ရှိပါတယ်ဘုရား)။

အဲတော့ ဒုက္ခကြောက်လို့ အခုစီးပွားရှာကြတာက

နောက်ဆုံးပိတ် ဘာနဲ့တွေ့ရတုံး (ဒုက္ခနဲ့ တွေ့ရပါတယ် ဘုရား) သားမကြည်ညိုတဲ့ဒုက္ခ၊ သမီးမုန်းတဲ့ဒုက္ခ ဟုတ်လား၊ ဆွေမျိုးက အိမ်မတက်ချင်တဲ့ဒုက္ခ ဟုတ်လား၊ အဲ . . . သူများအိမ် သွားကိုမသွားချင်ဘူး အစရှိသည်နဲ့ တစ်ခါတည်း မျက်စောင်းထိုး ကဲ့ရဲ့၊ သဂြိုဟ်၊ စကားတင်းဆိုတာတွေ မောင်နိုင် မခံရဘူးလား (ခံရပါတယ်ဘုရား)။

**ဒုက္ခဇာတ်သိမ်းချင်ရင်ဖြစ်ဒုက္ခပျက်ဒုက္ခမမေ့ရစ်နဲ့**

ဒုက္ခကြောက်လို့ ရှာတာက ဒုက္ခပြန်ပြန်ဝိုင်းတယ် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) ဒါဖြင့် ဒုက္ခ ဇာတ်သိမ်း ချင်လို့ရှိရင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြစ်ဒုက္ခ ပျက်ဒုက္ခ မမေ့ရစ်နဲ့ အဲဒါ ဒုက္ခဇာတ်သိမ်းတာပဲ (မှန်ပါ)။

ကိုစံလှ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ကောင်းပြီ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန် စံခါနီးမှာ အကြီးဆုံးသော မှာခြင်းအဖြစ်နဲ့ မှာခဲ့တာက သင်္ခါရတရားဘာတဲ့တုံး (ပျက်တတ်ပါတယ်ဘုရား) အဲဒါကို (မမေ့ရစ်နဲ့) ဒါလေးကို ဘယ်တော့မှ မဖျောက်နဲ့ (မှန်ပါ)။

ဒါ ဘယ်တော့မှ မဖျောက်ပါနဲ့တဲ့ (၄၅)ဝါ စလုံး ကာလပတ်လုံး ဟောထားတဲ့ တရားတွေ ချုံးလိုက်တော့ ဒါပဲရတယ် (မှန်ပါ) (၄၅) ဝါ ဟောထားတဲ့ တရားတွေ

ချိုးလိုက်တဲ့အခါကျတော့ ဘာရတုံး (သင်္ခါရတရား ပျက်တတ်တယ်) အဲဒါကို မမေ့ရစ်နဲ့။

ကဲ ဆိုစမ်းပါ ဘာတုံး (သင်္ခါရတရားပျက်တတ်တယ် မမေ့ရစ်နဲ့ပါဘုရား) မမေ့ရစ်နဲ့ အဲဒါ မမေ့ရစ်နဲ့ ဒါသာမင်းတို့ မမေ့လို့ရှိရင် ဒုက္ခဆုံးတယ်ကွ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခကြောက်ရင် ဒီမမေ့ရစ်နဲ့အလုပ် လုပ်ရလိမ့်မယ် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) ဒုက္ခကြောက်ရင် (မမေ့တဲ့အလုပ် လုပ်ရမယ်) မမေ့တဲ့အလုပ် လုပ်ရမယ် သင်္ခါရတရား ပျက်တာကို မမေ့အောင် ကြည့်နေရမယ်တဲ့ ကြည့်လို့ရှိရင် ဒုက္ခဆုံးလိမ့်မယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ဒီပရိနိဗ္ဗာနသုတ်ကို ဒီနေ့ဟောတာပဲဆိုတာ မောင်နိုင် သေချာပလား (သေချာပါတယ်ဘုရား). ဘယ်အချိန် ဟောပါလိမ့်မတုံးလို့ မေးတော့ ဝိညာဉ်ချုပ်ခါနီးဟောတဲ့တရား (မှန်ပါ)။

ဒကာဒကာမတို့ ဘယ်အချိန် ဟောတာပါလိမ့် (ဝိညာဉ်ချုပ်ခါနီး ဟောတာပါဘုရား) ဒါဟာလည်း ဟောပြီးရော မောင်နိုင်ရ ပရိနိဗ္ဗာန်စံတာပဲ (မှန်ပါ) ဒါဟောပြီး နောက်တရားဆိုရင် ဇာတ်သိမ်းတာပဲ (မှန်ပါ)။

သူ့ဟာသူသာ ဈာန်တွေဝင်စား၊ ပထမဈာန်ဝင်စား ဒုတိယဈာန်နဲ့ ဈာန်တွေ လှည့်ဝင်စားပြီးသကာလ ဝိညာဉ် တော့ မချုပ်သေးဘူးပေါ့လေ တရားနဲ့ ပါတ်သက်တော့ ဇာတ်သိမ်းသွားပြီ ဘယ်တော့မှ ဟောတော့မှာ မဟုတ် တော့ဘူးဆိုတာ မသေချာသေးဘူးလား (သေချာပါတယ် ဘုရား)။

## တရားလေး တိုလိုက်တာလို့ မအောက်မေ့နဲ့

ဒါဖြင့် ဘယ်တော့မှ ဟောတော့မှာ မဟုတ်ဘူးဆိုပြီး သိမ်းတဲ့တရားက ငါဘုရားသိမ်းတာကို မင်းတို့က နည်းနည်း ပါးပါးနဲ့ သိမ်းတယ်လို့ တရားလေးတိုလိုက်တာလို့ မအောက် မေ့နဲ့ (၄၅) ဝါ ချဲ့လိုက်တော့ ဒီဟာသာ ဟောတာပဲ (မှန်ပါ)။

(၄၅) ဝါလုံးမှာ ဘာပဲဟောဟော သင်္ခါရတရား ပျက်တတ်တယ် မမေ့ရစ်နဲ့ ဒီထဲ အကုန်ဝင်တာပဲတဲ့ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

သင်္ခါရတရား (ပျက်တတ်တယ် မမေ့ရစ်နဲ့) အဲဒါ မမေ့ရစ်နဲ့ (မှန်ပါ) ဒကာဒကာမတို့ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) အဲတော့ (၄၅) ဝါ ဟောတဲ့တရားကို ချဲ့လိုက်တဲ့ အခါကျလို့ရှိရင် ဒီထဲ အကုန်ဝင်တာပဲ (မှန်ပါ)။

ဒါ ဝိပဿနာမှာ လာ, လာပြီး မောင်နိုင် မထိုင်ရ

ဘူးလား (ထိုင်ရပါတယ်ဘုရား) ဒါဖြင့် ဒီအလုပ်ဟာ ဒကာ ဒကာမတို့ ဘုရားအဆူဆူ မစွန့်တဲ့တရားပဲ (မှန်ပါ) အပူဇော် တကာ့ အပူဇော်ထဲမှာလည်း မမေ့တာဟာ ပူဇော်နေတာပဲ (မှန်ပါ)။

မမေ့တဲ့အလုပ်ဟာ (ပူဇော်တာပါဘုရား) အဲ မမေ့နဲ့ ဆိုတော့ သတိပဋ္ဌာန်ဘက် ပြန်မရောက်ဘူးလား (ရောက်ပါ တယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေဟာတဲ့ ဩော် တရားသတ္တု ချလိုက်တော့ အကောင်းဆုံး ဘာလုပ်ရ ပါ့မတုံးဆိုတာကို ယောင်ဝါးကြီးဖြစ်ပြီးသကာလ တွေဝေပြီး ဟိုမေးဒီမေး မေးနေမှာ စိုးတဲ့အတွက် ဘုရားက ဘယ်မှ မမေးနဲ့၊ ကိုစံလှ ဘယ်မှမမေးနဲ့တဲ့ (မှန်ပါ)။

## သတိထား၊ ဝီရိယစိုက် ပညာနဲ့ရှု

သင်္ခါရတရားဟူသည် (ပျက်တတ်ပါတယ်ဘုရား) သင်္ခါရတရားဆိုတာ ပေါ်လာတာလေး (မှန်ပါ) ဘယ်သူ လမ်းဆုံးတုံး (အပျက်လမ်းဆုံးပါတယ်ဘုရား) အပျက်မှာ လမ်းဆုံးတယ် အဲဒါကို ဘာလုပ်ရမတုံး (မမေ့ရစ်နဲ့) မမေ့ရစ် နဲ့ဆိုတော့ သတိထား ဝီရိယစိုက် ပညာနဲ့ ရှုပေါ့ (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒါ မမေ့လို့ရှိရင်ဖြင့် ဒုက္ခတွေ့တဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခ ဆုံးပါလိမ့်မယ် (မှန်ပါ) ဒါမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ကျတော့ ဒုက္ခမှ မတွေ့လို့ ဒုက္ခဆုံးတဲ့နိဗ္ဗာန်ကို (မတွေ့နိုင်ပါဘူး) မောင်နိုင် ဘယ်နည်းနဲ့ ရောက်မတုံး (မရောက်နိုင်ပါဘူး)။

ဒါဖြင့် ဒီနေ့ဟောတဲ့ တရားမှာဖြင့် ဘုရားကလည်း အပ္ပမာဒ်တကော့ အပ္ပမာဒ်ထဲမှာဖြင့် သင်္ခါရတရား ပျက်တတ်သည် အဲဒါ မမေ့တဲ့အလုပ်ဟာ အပ္ပမာဒ်အကြီးဆုံး အလုပ် (မှန်ပါ)။

အပ္ပမာဒ်တကော့ ပ္ပမာဒ်ထဲမှာလည်း (အပ္ပမာဒ်အကြီး ဆုံးအလုပ်ပါဘုရား) အကြီးဆုံးအလုပ်ပဲဆိုတော့ ဘုရား အလိုရှိတာကလည်း သူ့ဒုက္ခအဆုံးကို ရောက်စေချင်တာဟာ သူ့ရည်ရွယ်ချက်မှန်းထားချက် ပန်းတိုင်ပဲ (မှန်ပါ)။

ဒကာ ဒကာမတွေလည်း ဒီပန်းတိုင်အရောက်သွား နေတယ်ဆိုတော့ အို ကိုယ့်ကလေးလေးက လေးဘက်သွား နေတာလေးကို အမေမိဘတွေ ကြည့်ရတဲ့အခါကျတော့ အို လေးဘက်သွားတတ်တာလေးကို သွားပါစေ။

ဒါမှ ခြေကလေးလက်ကလေး သန်လာအောင်၊ ဝမ်းသာတယ် အမေမိဘက (တင်ပါ့ဘုရား) အင်း . . . ဝမ်း မသာပေဘူးလား (သာပါတယ်ဘုရား)။

လေးဘက်ကနေ မတ်တတ်ကလေး လျှောက်ပြီး

သွားနေပြန်တော့ကော (ဝမ်းသာပါတယ်ဘုရား) သွားမပွေ့နဲ့၊ မပွေ့နဲ့ သူ့ဟာသူ ထိန်းလိမ့်မယ် ဒါမှ ခြေကလေး လက်ကလေး သန်ထွားလာအောင် ဆိုတော့ အမေမိဘာ အကြိုက်ချည်းလုပ်တော့ အမေမိဘာက သွားတဲ့အလုပ်ကို သူဝမ်းမသာဘူးလား (သာပါတယ်ဘုရား)။

လေးဘက်သွားမို့ ဝမ်းသာတယ်၊ သဘောကျပလား (ကျပါပြီဘုရား) အင်း . . . နှစ်ချောင်းထောက်သွားတာကိုကော (ဝမ်းသာပါတယ်ဘုရား) နောက်စကားလေးက တီတီတာတာ ပြောလာတယ် (ဝမ်းသာပါတယ်)။

ဝမ်းသာတယ်တဲ့ ဘာဖြစ်လို့တုံး သူအလိုရှိတာက ဒီဘက် ဒီဟာတွေ ဖြစ်စေချင်တာကို (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

## ဘုရားဝမ်းအသာဆုံးအလုပ်

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလိုလုပ်နေတာ သူဝမ်းသာဆုံး အလုပ်ပဲ (မှန်ပါ) သဒ္ဓါရတရားပျက်တာကို ရှုနေတဲ့အလုပ်ဟာဖြင့် (ဝမ်းသာဆုံးအလုပ်ပါ)။

ကလေးလေးသွားတတ်တာ သူဝမ်းသာသလို အင်း . . . ငါ၏ချစ်သားတွေလည်း သွားတတ်ပဟာ၊ ငါ၏ ချစ်သားတွေလည်း လေးဘက်သွားတတ်ပြီ၊ နှစ်ဘက်သွားတတ်ပြီ၊

အင်းစကားလေးတွေ တီတီတာတာ ပြောတတ်ပြီကွ ဆိုပြီး သကာလ အမေမိဘကြီးနဲ့တူတဲ့ ကိုယ်တော်မြတ်ကြီးဟာ မောင်နိုင် ဘယ်လောက်ထိအောင် ဝမ်းသာတယ်ဆိုတာ လည်း ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်တွေ့ရင် သူဝမ်းသာတာပဲ (မှန်ပါ) သဘော ကျပလား (ကျပါပြီ) အင်း သူဖြစ်ပျက်တွေ့ရင် ဝမ်းသာပြီ ဖြစ်ပျက်မုန်းရင် ဒုတိယဝမ်းသာပြီ အဲ ဖြစ်ပျက်တွေ ဆုံးသွား ပြီ ဆိုလို့ရှိရင် အားကြီးဝမ်းသာပြီလို့ မှတ်လိုက်စမ်းပါ (မှန်ပါ) သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် ဘုရား အရေးကြီးဆုံးအချက်သည် ဤအချက် ပဲ (မှန်ပါ) ဘယ်အချိန် ဟောတာတုံး မောင်နိုင်ရ (ပရိနိဗ္ဗာန် စံခါနီးမှာပါဘုရား)။ မြောက်ခေါင်းပြုပြီးသကာလ တောင်ခြေ ဆင်းပြီးသကာလ အင်ကြင်းပင် နှစ်ပင်ကြားမယ် အင်ကြင်း ပင်တွေက ပူဇော်တာလည်း ပူဇော်သည် မမည်သေးပါဘူးကွ အမြတ်ဆုံးမကျသေးပါဘူး (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

အင်း ဟိုကနေပြီးသကာလ မန္ဒာရဝ ပန်းတွေနဲ့ ကြဲတာကော နတ်တွေက အမြတ်ဆုံး ပူဇော်ခြင်းလို့ သူယူ ရဲ့လား (မယူပါဘူး) မယူသေးဘူးတဲ့ ဘာကြောင့်တုံးဆိုတော့ သူဟာ လေးဘက်မှ မသွားသေးပဲကို (မှန်ပါ) အမေမိဘ

ဝမ်းသာလောက်အောင် သူသွားပလား (မသွားသေးပါဘူး)။

အင်း နှစ်ချောင်းထောက်ကော သွားပလား (မသွားသေးပါဘူးဘုရား) တီတီတာတာကော ပြောပလား (မပြောသေးပါဘူးဘုရား) မပြောသေးတော့ သူဝမ်းသာတဲ့ အဆင့်မရောက်သေးလို့ မကျေနပ်နိုင်ဘူး ဘုရားက (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဘုရားဝမ်းသာတဲ့အချက်က ဘာပါလိမ့်မတုံး

အဲဒါကြောင့် သူဝမ်းသာတဲ့ အချက်က ဘာပါလိမ့်မတုံးလို့ မေးတော့ သဗ္ဗညုတရား (ပျက်တတ်ပါတယ်ဘုရား) အဲဒါကို (မမေ့ရစ်နဲ့) အဲဒါမမေ့တဲ့အလုပ်ဟာဖြင့် အဲ သူဒုက္ခအဆုံးရောက်အောင် သွားတော့မယ်ဆိုတာ မြင်တဲ့အတွက် ကလေးလေး သွားတာသည်ကားလို့ဆိုရင် ရှေ့ လူလားမြောက်တော့မယ်ဆိုတာသိလို့ အမေမိဘ ဝမ်းသာသလို ဝမ်းသာတဲ့အချက်ပဲဆိုတာ မောင်နိုင် ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ (၄၅) ဝါ တရားတွေကို ချုံးရုံးပြီးသကာလ ကျုပ်တို့ ကိုင်း တရားတွေက များလှတယ် ဟိုစာအုပ်ကတစ်မျိုး၊ ဒီစာအုပ်ကတစ်မျိုး အမျိုးမျိုး အဖုံဖုံ များလှတဲ့အထဲမှာမှ အခြေညှစ်ပြီးသကာလ သတ္တုထုတ်လိုက်

တဲ့အခါကျတော့ ဒါပဲရှိတယ်ကွ (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဒါပဲရှိတယ်ကွဆိုပြီး နိဂုံးမချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ချုပ်ပုံလေး မောင်နိုင်တို့ အားလုံးပြောကြစမ်းပါဘာတဲ့တုံး (သင်္ခါရပျက်တတ်တယ် မမေ့ရစ်နဲ့) မမေ့ရစ်ကြနဲ့ အဲဒီတရား မမေ့ရစ်နဲ့ (မှန်ပါ)။

သင်္ခါရတရား ဖြစ်မှုပျက်မှုကို ရှုတဲ့အလုပ်ကို (မမေ့ရစ်နဲ့) မမေ့ရစ်နဲ့ဆိုတော့ သင်္ခါရတရား ဆုံးသွားလို့ ရှိရင်ဖြင့် အသင်္ခတဟာ ပေါ်ရမလား မပေါ်ရဘူးလား (ပေါ်ရမှာပါဘုရား)။

သင်္ခါရဆုံးရင် (အသင်္ခတပေါ်မှာပါဘုရား) ဒါဖြင့် သင်္ခါရတရားပျက်တာမှ သင်္ခါရတရားမှ မတွေ့မကြုံရတဲ့ ပုဂ္ဂိုလ်မှာဖြင့် မောင်နိုင် အသင်္ခတဘက် သူဘယ်လိုလုပ် သွားမလဲ (မသွားပါဘူးဘုရား)။

တံတားအစမှ မတွေ့တဲ့ပုဂ္ဂိုလ်ကဖြင့် ဒကာ ဒကာမတို့ ဒီချောင်းဘယ်ကနေပြီးသကာလ လက်ပစ်ကူးလို့ကော မရောက်နိုင်ဘူးဆိုတာ သေချာမနေဘူးလား (သေချာပါတယ်)။

ဒါကြောင့် တံတား စ,တွေ့တဲ့ပုဂ္ဂိုလ်ဖြင့် တံတား အဆုံးသူရောက်အောင်သွားမှာပဲ (မှန်ပါ) တံတားမှ မတွေ့

သေးတဲ့ပုဂ္ဂိုလ် သံသရာမြစ်ကြောကြီးထဲမှာဖြင့် ဖြတ်ကျော်နိုင်လိမ့်မယ်ဆိုတာ ဘယ်အခါ ကာလမှ စိတ်ကူးမနေပါနဲ့ ဟုတ်ကိုမဟုတ်ဘူး (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် (၄၅) ဝါ ဟောတဲ့တရား ချုံးလိုက်တော့ ဘာတဲ့တုံး (သစ္စာရတရား ပျက်တတ်ပါတယ်ဘုရား) ကျုပ်တို့ ပြောနေကြစကားနဲ့ဆိုတော့ ဖြစ်ပျက်ရှုပေး (မှန်ပါ)။

## ဖြစ်ပျက်ရှုရင် သိပ်ဝမ်းသာတယ်

ပြောနေကြစကားနဲ့ တွေးလိုက်တဲ့အခါ (ဖြစ်ပျက်ရှုပါဘုရား) ဖြစ်ပျက်ရှုရုံပဲတဲ့ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ မောင်နိုင်ရေ ဘုရားက သိပ်ဝမ်းသာတယ် (မှန်ပါ)။

သူလိုချင်တာနဲ့ ပူဇော်တာကို သူကနိဗ္ဗာန်ရောက်ချင်တာကို (မှန်ပါ) သတ္တဝါတွေ နိဗ္ဗာန်ရောက်စေချင်တယ် မဟုတ်လား (မှန်ပါ) နိဗ္ဗာန်ရောက်စေချင်တဲ့အလုပ် လုပ်နေတော့ ဒါ သူ့ပူဇော်တဲ့အထဲမှာလည်း သူအကြိုက်ဆုံးပဲ (မှန်ပါ)။

ပန်းတွေကလည်း နွမ်းဆွေးသွားဦးမှာကိုး (မှန်ပါ) ဟို . . . ရှုနေတဲ့ပုဂ္ဂိုလ်ကလည်း နိဗ္ဗာန် ခိုင်တာမြဲတာ တည်တံ့တာကြီး ကိုယ်ပိုင်မရပေဘူးလား (ရပါတယ်ဘုရား)။

## ရေအလိုရှိရင် ရေပေးမှ ဝမ်းသာမယ်

ဒါကြောင့် သူ့အကြိုက်ဆုံးဖြစ်တာနဲ့ ပူဇော်ရင် ရေအလိုရှိတဲ့ ပုဂ္ဂိုလ် ရေပေးလို့ ဝမ်းအသာကြီးသာသလို ထောပတ်ထမင်းပေးတာ ဒီလောက်ဝမ်းမသာဘူး (မှန်ပါ)။

ရေဆာနေတဲ့ပုဂ္ဂိုလ် ထောပတ်ထမင်းစားလိုက်လို့ ရှိရင် ဘယ် မောင်နိုင် ရေငတ်ပြေနိုင်ပါ့မတုံး (မပြေနိုင်ပါဘူး) အဲဒီလိုဖြစ်မှာစိုးတဲ့အတွက် ရေအလိုရှိတဲ့ ပုဂ္ဂိုလ် ရေပေးပါ ဆိုတာ ဘုရားအကြိုက်သည် သူကူးမြောက်သလို ကူးမြောက် စေချင်တယ် (မှန်ပါ)။

သူရောက်သလို (ရောက်စေချင်ပါတယ်) သူဒုက္ခ သိမ်းသလို (သိမ်းစေချင်ပါတယ်) အဲဒီအလုပ်လုပ်နေရင် အမေမိဘနဲ့တူတဲ့ ဘုရားကြီးသည် မည်မျှလောက် ဝမ်း မြောက်ဝမ်းသာရှိလိမ့်မယ်ဆိုတာ မောင်နိုင်တို့ တွေးပါ (မှန်ပါ)။

အကြီးဆုံးဝမ်းသာလိမ့်မယ်ဆိုတာကော မပေါ်ကြ သေးဘူးလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ် ထဲမှာရှိတာက သဒ္ဓါရတရားတွေ (မှန်ပါ)။

အဲဒီသဒ္ဓါရတရားဟာ စိုက်သာကြည့် အပျက်တွေ့ ပါလိမ့်မယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) စိုက်

ကြည့်ရင် (အပျက်တွေ့ပါမယ် ဘုရား)။

ရှိတာက ဘာတရားတုံး သင်္ခါရတရား စိုက်ကြည့်လိုက်တော့ ဘာတွေ့တုံး (အပျက်တွေ့ပါတယ်ဘုရား) အဲဒါမမေ့လို့ရှိရင်ဖြင့် ဖြစ်ပျက် မမေ့လို့ရှိရင် ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ဟာ မရောက်မရှိဘူးလို့ သေချာမှတ်ပါ (မှန်ပါဘုရား) သဘောပါကြပလား (ပါပါပြီဘုရား)။

**ကဲ ယနေ့ ဒီတင်တော်ပါဦး**

**သာဓု . . . သာဓု . . . သာဓု။**